၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်

# စိန်ရတု လွတ်လပ်ရေးနေ့

အထူးထုတ်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ (ဗုဒ္ဓဟူးနေ့)

ကြေးမုံ









# အစဉ်ထာဝရထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

အညတြ

**မြန်မာ** နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီ နှစ်ပေါင်းထောင်ချီ ကာလကတည်းကပင် ပြည်ထောင်စုကြီးအတွင်း တစုတဝေးတည်း စုစည်းနေထိုင်ခဲ့ကြသည်။ ကိုယ့်အရှင်၊ ကိုယ့်သခင်ဖြင့် ဂုဏ်တင့်တယ်စွာ ရပ်တည်နိုင်ခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့သည် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် သုံးကြိမ်တိုင်တိုင် ကျူးကျော်စစ်ပြုပြီး အစမ္ဗသိမ်းယူခဲ့ရာ တစ်တိုင်းပြည်လုံး လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။

## သမိုင်းမှတ်တိုင်များ စိုက်ထူ

ဆီးပန်းနီဆရာတော်၏ "တစ်ဖန်မှ မှတ်စေ" အစချီလေးချိုး ဧကပိုဒ်ရတုပါ "ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညု၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုည ခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေ သည်၊ သေသော်မှတည့်၊ ဩော် ..... ကောင်း၏"ဆိုသည့်အတိုင်း မြန်မာနိုင်ငံ အတွင်းရှိ မျိုးချစ်သူရဲကောင်းအပေါင်းတို့ နှင့် တိုင်းရင်းသားလူမျိုး အသီးသီးတို့ သည် နိုင်ငံချစ်စိတ်ဖြင့် ဆုံးရှုံးခဲ့သော ပိုင်နက်နယ်မြေများနှင့် လွတ်လပ်သော နိုင်ငံ ပြန်လည်ဖြစ်လာစေရန် အသက်၊ သွေး၊ ချွေးနှင့် ဘဝများစွာ ပေးဆပ်ခဲ့ကြရ သည်။

နှစ်ပေါင်းများစွာ ကြာအောင် နည်းလမ်းပေါင်းစုံဖြင့် အပြင်းအထန် တော်လှန်ခဲ့ကြရသည်။ ၁၈၈၅ ခုနှစ်မှ ၁၉၀၀ ပြည့်နှစ်အထိ ၁၅ နှစ်ကြာမြင့်သော အမျိုးသားခုခံရေးစစ်များ၊ ၁၉၂၀ ပြည့်နှစ် ဂျီစီဘီအေ၊ ဝိုင်အမ်ဘီအေ ဝံသာနု လှုပ်ရှားမှုများ၊ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်သည့် အမျိုးသားပညာရေး တိုက်ပွဲများ၊ ဆရာစံခေါင်းဆောင်သည့် တောင်သူလယ်သမားတိုက်ပွဲများ၊ ၁၃၀၀ ပြည့်နှစ် နယ်ချဲ့ဆန့်ကျင်ရေးအုံကြွမှုများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက် ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများ နှင့် ဒုတိယကမ္ဘာစစ်ကြီးအပြီး ပြန်လည် ဝင်ရောက်လာသော နယ်ချဲ့တို့ကို လက်မခံဘဲ ဆန့်ကျင်ခဲ့ကြသည့် နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက် ရေးတိုက်ပွဲများသည် မြန်မာတစ်မျိုးသား လုံး၏ ရဲရင့်ပြောင်မြောက်သည့် သမိုင်း မှတ်တိုင်များဖြစ်သည်။

တိုင်းရင်းသားပြည်သူ အပေါင်းတို့ သည်အမျိုးသားလွတ်မြောက်ရေးအတွက် မလျှော့သောဇွဲ၊ ရဲရဲတောက် ရဲစွမ်းသတ္တိ၊ အမျိုးသားရေး ဇာတိမာန်တို့ဖြင့် အောင်လံ မလှဲစတမ်း ကြိုးပမ်းခဲ့ကြ သောကြောင့် နှစ်ပေါင်းများစွာ ကျွန်ဖြစ်ခဲ့ ရသည့်ဘဝမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် သည့် နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ သည်။ မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိလာ အောင် တိုင်းရင်းသားပြည်သူအားလုံး နှစ်ပေါင်းတစ်ရာကျော် ကြိုးပမ်းအား ထုတ်ခဲ့ရပြီး ရရှိပြီးသောလွတ်လပ်ရေးကို ပြန်လည်မဆုံးရှုံးစေရအောင် နှစ်ပေါင်း ထောင်ချီ ဆက်လက်ထိန်းသိမ်းစောင့် ရှောက်ကြရမည်ဖြစ်သည်။

လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့သည်မှာ လွန်စွာ ခက်ခဲကြမ်းတမ်းသလို ရရှိပြီးသော လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းရ သည်မှာလည်း အလွန်တရာမှခက်ခဲနက်နဲ ရှုပ်ထွေးသည်ကိုလည်း သတိမူကြရမည် ဖြစ်သည်။

## ထိန်းသိမ်းကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ကာလနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း ကာလများတွင် ဆိုရှယ်လစ်နှင့် အရင်းရှင် စနစ်တို့ အားပြိုင်မှု၊ အယူဝါဒခံယူချက်များ ကွဲပြားမှုများ ရှိလာခဲ့သည်။ လွတ်လပ်ရေး ရရှိပြီး သုံးလအကြာ ၁၉၄၈ ခုနှစ် မတ်လ တွင် ကွန်မြူနစ်များတောခိုခဲ့ပြီး KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ ပေါ်ပေါက်လာသည်။ ထိုကာလတွင် တစ်နိုင်ငံလုံး လက်နက်ကိုင်သောင်းကျန်း မှုများ ဖြစ်ပေါ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ခန့်တွင် တရုတ်ဖြူတို့ ကျူးကျော် ဝင်ရောက်လာပြန်ရာ တပ်မတော်သည် ပြည်တွင်း/ပြည်ပ အန္တရာယ်များကို ရှင်းလင်းဖယ်ရှားခဲ့ရသည်။ အကျိုးဆက်မှာ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု ကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ၊ အရင်းရှင် ပါလီမန်စနစ်နှင့်အတူ အာဏာရနိုင်ငံရေး ပါတီများအတွင်း ဂိုဏ်းဂဏကွဲပြားမှုများ ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်ပြားလာခဲ့သည်။ ထိုစဉ်က ကမ္ဘာပေါ်၌ လက်နက်ကိုင်အဖွဲ့အစည်း အများဆုံးတိုင်းပြည် ဖြစ်လာခဲ့သည်။

တပ်မတော်သည် တိုင်းရင်းသား ပြည်သူအားလုံး အတူယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တစ်နိုင်ငံလုံးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခများနှင့် ပါတီတွင်း သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ၁၉၅၈ ခုနှစ် တွင် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့ သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီတို့က နိုင်ငံ့တာဝန်ယူခဲ့ သည်။ နိုင်ငံတော်ကို ဆိုရှယ်လစ်စနစ်ဖြင့် တည်ဆောက်ရာတွင် တံခါးပိတ်စီးပွား ရေးကျင့်သုံးသဖြင့် တိုင်းပြည်စီးပွားရေး ကျဆင်းလာခဲ့သည်။ ထိုအခါ နိုင်ငံရေး ပယောဂများ ဝင်ရောက်ပူးကပ်လာပြီး ၁၉၈၈ ခုနှစ်တွင် တိုင်းပြည်ပြိုကွဲပျက်စီး လုနီးနီးအခြေအနေ ရောက်ခဲ့သည်။ တိုင်းပြည်ယိုယွင်းပျက်စီးပြီး ပြိုလဲနိုင် သည့်အခြေအနေများ ဖြစ်ပေါ်လာသဖြင့် တပ်မတော်သည် နိုင်ငံတော်ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

## ဒီမိုကရေစီတည့်မတ်ခိုင်မာ

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် တပ်မတော်သည် ပြည်သူတို့၏ ဆန္ဒနှင့် အညီ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဦးတည် ဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် စနစ်နှင့်ကိုက်ညီ သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲ နိုင်ရန် တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံတွင် အချေအတင် ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

ပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေနှင့် အညီ ဒီမိုကရေစီ ပထမ အစိုးရ တက်လာပြီး တပ် မ တော် နှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီ ဒုတိယအစိုးရ သက်တမ်းကာလ၌ တိုင်းပြည်တွင် အဘက်ဘက်က ယိုယွင်း အားနည်းလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အာဏာရပါတီသည် ရွေးကောက်ပွဲတွင် မဲအနိုင်ရရှိရေးအတွက် မသမာသောနည်းလမ်းများ ဆောင်ရွက် ခဲ့သည်။ ယင်းကို ဖြေရှင်းမပေးဘဲ အာဏာရရှိရန် ဥပဒေနှင့်မညီဘဲ အဓမ္မ လုပ်ဆောင်လာသောကြောင့် ဒီမိုကရေစီ စနစ် ပြန်လည်တည့်မတ် ခိုင်မာလာစေ ရန်အတွက် တပ်မတော်က နိုင်ငံ့တာဝန်ယူ ခဲ့ရသည်။

ယနေ့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်သည် ရွေးကောက်ပွဲတွင် မဲမသမာမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာခဲ့သော်လည်း ယင်းကိုအခြေခံ၍ သဘောထားကွဲလွဲမှု

အထူးထုတ် [ ၈ ] သို့ »»»

> လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့သည်မှာ လွန်စွာခက်ခဲကြမ်းတမ်းသလို ရရှိပြီးသော လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းရသည်မှာလည်း အလွန်တရာမှခက်ခဲနက်နဲ ရှုပ်ထွေးသည်ကိုလည်း သတိမူကြရမည်ဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူအားလုံး အတူယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုကြီးမပြိုကွဲရေး အတွက် တစ်နိုင်ငံလုံးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် ခဲ့သည်။

»»» အထူးထုတ် [ ခ ] မှ

များ၊ မသမာသူတို့၏ သွေးထိုးလှုံ့ဆော်မှုများ၊ အစွန်းရောက် နိုင်ငံရေးသမားများ၏ ဖျက်လိုဖျက်ဆီး ပြုလုပ်မှုများ၊ ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့် နိုင်ငံ၏ စည်းလုံးညီညွတ်မှု ပျက်ပြားလာသည်ကို တွေ့ရမည်ဖြစ်သည်။

စည်းလုံးညီညွတ်မှု ပျက်ပြားလာသောအခါ တိုင်းပြည်ပြိုကွဲ ပျက်စီးစေနိုင်သည့် လုပ်ဆောင်မှုများ အမျိုးမျိုးပေါ်ပေါက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ အရာဝတ္ထုတစ်ခုတွင် အက်ကြောင်းတစ်ခုဖြစ်ပေါ်လာသည်နှင့် များမကြာမီတွင် ထိုအရာဝတ္ထုသည် ပျက်စီးသွားသည့် သဘောရှိသကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် စည်းလုံးညီညွတ်မှု ပျက်ပြားသည်နှင့် တိုင်းပြည်ပြိုကွဲပျက်စီးရန် အခြေအနေများ ဖြစ်ပေါ်လာနိုင်သည်ကို မျက်မှောက်ကာလကမ္ဘာ့နိုင်ငံအချို့၏ ဖြစ်စဉ်များကို ပြန်လည်လေ့လာ သုံးသပ်ကြည့်ကာ သင်ခန်းစာယူရမည်ဖြစ်သည်။







**စည်းလုံးညီညွတ်မှု ပျက်ပြားလာသောအခါ တိုင်းပြည်ပြိုကွဲ ပျက်စီးစေနိုင်သည့် လုပ်ဆောင်မှုများ အမျိုးမျိုးပေါ်ပေါက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ အရာဝတ္ထုတစ်ခုတွင် အက်ကြောင်းတစ်ခုဖြစ်ပေါ်လာသည်နှင့် များမကြာမီတွင် ထိုအရာဝတ္ထုသည် ပျက်စီးသွားသည့် သဘောရှိသကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် စည်းလုံးညီညွတ်မှုပျက်ပြားသည်နှင့် တိုင်းပြည်ပြိုကွဲပျက်စီးရန် အခြေအနေများ ဖြစ်ပေါ်လာနိုင်သည်ကို မျက်မှောက်ကာလကမ္ဘာ့နိုင်ငံအချို့၏ ဖြစ်စဉ်များကို ပြန်လည်လေ့လာသုံးသပ်ကြည့်ကာ သင်ခန်းစာယူရမည်**

### ခေတ်သစ်ကိုလိုနီနယ်ချဲ့

ဖော်ပြပါ မြန်မာ့နိုင်ငံရေးအကျဉ်းသည် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရာ၌ သတိပြုရမည့် အချက်များဖြစ်သည်။ စစ်အေးလွန်ကာလတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့သည် နိုင်ငံတစ်နိုင်ငံကို သမားရိုးကျနည်းလမ်းဖြစ်သည့် စစ်ရေးနည်းလမ်းတစ်မျိုးတည်းဖြင့် ကိုယ်တိုင်ဝင်ရောက်ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခြင်းမျိုး မပြုလုပ်တော့ပေ။ တစ်နည်းဆိုလျှင် နိုင်ငံတစ်နိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်လွှမ်းမိုးခြယ်လှယ် သိမ်းပိုက်နိုင်ရန်အတွက် စစ်ရေးအရ တိုက်ရိုက်ကျူးကျော်ခြင်း မပြုလုပ်တော့ဘဲ သွယ်ဝိုက်သောနည်းလမ်းအမျိုးမျိုးဖြင့် လွှမ်းမိုးခြယ်လှယ်နိုင်အောင် ပြုလုပ်လာကြသည်။ သမားရိုးကျမဟုတ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေး စသည့်နည်းလမ်း (Multi-Dimensional Warfare) အသွင်အမျိုးမျိုးဖြင့် အသုံးပြုလာကြသည်ကို တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် ပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သည့် သဘောတရားများ၊ ဝါဒဖြန့်ချိမှုများ၊ လူ့အခွင့်အရေးနှင့် မီဒီယာနယ်ပယ်တို့တွင် ဝင်ရောက်၍ အသုံးချမှုများပြုလုပ်လာကြသည်။ ဆန့်ကျင်ဘက် လူ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို လက်သပ်မွေးမြူ၍လည်းကောင်း၊ လက်ဝေခံပြုလုပ်၍လည်းကောင်း၊ ပေးကမ်းထောက်ပံ့၍လည်းကောင်း၊ စည်းရုံးသိမ်းသွင်း၍လည်းကောင်း တိုင်းပြည်ပြိုကွဲပျက်စီးစေနိုင်သည့် အစီအမံများကို ဖန်တီးလာကြသည်။ နိုင်ငံတစ်နိုင်ငံကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန်အတွက် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မပြုလုပ်တော့ဘဲ ကြားခံ Proxy များထားပြီး လုပ်ဆောင်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဩဇာခံနိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ မွေးမြူကာ ရန်တိုက်ပေးသည့်သဘော တစ်နည်းဆိုလျှင် အိမ်ကြက်ချင်း အိုးမဲသုတ်သည့် သဘောမျိုး လုပ်ကိုင်လာကြသည်။

### လုံးဝလွတ်လပ်သောနိုင်ငံ

မြန်မာနိုင်ငံဖြစ်စဉ်ကို အသေးစိတ်လေ့လာ ဆန်းစစ်ကြည့်လျှင် အဆိုပါသဘောတရားများ သွတ်သွင်းနေသည်ကို မြင်တွေ့နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံကို ဝင်ရောက်သိမ်းပိုက်လွှမ်းမိုးနိုင်ရန် အတွက် တိုက်ရိုက်မဟုတ်သော သွယ်ဝိုက်သော နည်းလမ်းဖြင့် စွက်ဖက်နိုင်ရန် အားထုတ် ကြံစည်နေသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို သွယ်ဝိုက်သောနည်းလမ်းဖြင့် ဆုံးရှုံးသွားအောင် ပြုလုပ်ခြင်းသဘောဖြစ်သည်။ အဓိကအချက်မှာ တိုင်းပြည်ပြိုကွဲပျက်စီးစေရန်အတွက် စည်းလုံးညီညွတ်မှုကို ပျက်ပြားအောင် ပြုလုပ်ကြသည်။ ခေတ်သစ်ကိုလိုနီစနစ်ဖြစ်သည့် ဗိုလ်ကျစိုးမိုးရေးဝါဒဖြင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို မသိမသာ ဆုံးရှုံးသွားအောင် ကြံစည်နေကြသည်။ နိုင်ငံတစ်နိုင်ငံ ခိုင်မာစွာရပ်တည်ရှင်သန်ရေးအတွက် အချုပ်အခြာအာဏာသည် အသက်ဝိညာဉ်ဖြစ်သည်။ လုံးဝလွတ်လပ်သော နိုင်ငံဖြစ်မှသာ

အထူးထုတ် [ ဃ ] သို့ »»»





(၃၀-၅-၂၀၂၂)ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

# လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ရေရှည်တည်တံ့ခိုင်မြဲအောင် နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့်သာ ကာကွယ်စောင့်ရှောက်နိုင်မည်

»»» အထူးထုတ် [ ဂ ] မှ

ကိုယ့်ကြမ္မာကိုယ် ဆုံးဖြတ်ပိုင်ခွင့်ရရှိမည်ဖြစ်သည်။

အချုပ်အခြာအာဏာ ပိုင်ဆိုင်သည့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံတွင် ကိုယ်ပိုင်နယ်နိမိတ်၊ အမြဲတမ်းအခြေချနေထိုင်သည့် လူထု၊ တရားဝင်အစိုးရ၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ပြည်တွင်း၊ ပြည်ပ ကုန်သွယ် စီးပွား၊ ငွေကြေးလည်ပတ်နိုင်မှု စသည့် ကြန်အင်လက္ခဏာများရှိသည်။ ယင်းတို့ကို ယိုင်နဲ့အောင်၊ ယိုယွင်းအောင်၊ ပျက်စီးအောင် ပြုလုပ်ခြင်းသည်လည်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပျက်စီးအောင် ပြုလုပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ ကောင်းမွန်သော အသွင်အပြင်လက္ခဏာ ယုတ်လျော့ပျက်စီးအောင်ပြုလုပ်ပြီး ခေတ်သစ်ကိုလိုနီလက်ဝေခံဖြစ်အောင် ကြိုးပမ်းအားထုတ်မှုများကို သတိမူရမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများသည် လွတ်လပ်သည့်နိုင်ငံဟု ဆိုသော်လည်း အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်ခံရခြင်း၊ ဩဇာလွှမ်းမိုးခြင်းခံရပြီးနောက် ပျက်စီးသွားသည့် နိုင်ငံများကို မြင်တွေ့ရမည်ဖြစ်သည်။

## ကာကွယ်စောင့်ရှောက်နိုင်မည်

နိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ခြင်းသည် အလွယ်တကူ ရယူနိုင်ခဲ့ခြင်းမဟုတ်ပါ။ အချိန်တိုကာလအတွင်း ရယူနိုင်ခဲ့ခြင်းလည်း မဟုတ်ပါ။ တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်နိုင်ခြင်းကြောင့်လည်း မဟုတ်ပါ။ နှစ်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ၊ အသက်၊ သွေး၊ ချွေးပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီးမှ တိုင်းရင်းသားပြည်သူ အထောင်အသောင်းတို့ ပူးပေါင်းလက်တွဲလှုပ်ရှားခဲ့ရသော ပင်ပန်းကြမ်းတမ်းသည့် ရေရှည်တိုက်ပွဲအဆင့်ဆင့်ဖြင့် ရရှိလာသော လွတ်လပ်ရေးဖြစ်သည်။

ထိုကဲ့သို့ ခက်ခဲကြမ်းတမ်းသော ခရီးကို ကျော်လွှား၍ တစ်မျိုးသားလုံး အင်အားဖြင့် ရေရှည်တိုက်ပွဲဆင်နွှဲကာ ရယူခဲ့သော နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်မှာလည်း လွယ်ကူလှသည် မဟုတ်ပါ။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ရေရှည်တည်တံ့ခိုင်မြဲအောင် နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့်သာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။

ထို့အတူ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီလူ့ဘောင်သစ်ကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အခြေခံမှုများကို တိကျစွာပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမပျက်စီးအောင်လည်း နိုင်ငံသားအားလုံးက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်သည်။ အလားတူပင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည်လည်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကြီးမားစွာအထောက်အကူပြုနေပါသည်။

နိုင်ငံတော်၏ ခနအင်အားတောင့်တင်းခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းရင်းသားပြည်သူတို့၏ လူနေမှုအဆင့်အတန်းကို မြင့်မားစေပါသည်။ ယင်းအပြင် နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာမှု ကာကွယ်ရေးစွမ်းအားကို ကြီးမားလာစေပြီး အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲစေမည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများ အဘက်ဘက်တွင် ပိုမိုတိုးတက် ဖွံ့ဖြိုးခိုင်မာလာစေရေးအတွက် တိုင်းရင်းသားလူမျိုးအားလုံး၊ နိုင်ငံသားအားလုံးတို့က နိုင်ငံတော်နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

## အဖျက်အန္တရာယ်ဖယ်ရှား

အလားတူ နိုင်ငံတော်အတွက် အရေးကြီးသည့် လိုအပ်ချက်ကြီးတစ်ခုမှာ ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် အကြမ်းဖက်အဖျက်အန္တရာယ်များ လုံးဝချုပ်ငြိမ်းပပျောက်သွားရေး ဖြစ်ပါသည်။ ထာဝရငြိမ်းချမ်းရေးရရှိပြီး တည်ငြိမ်အေးချမ်းသာယာဝပြောသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးတက်မှုအရှိန်အဟုန်မြင့်မားလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောကွဲလွဲမှုများ ရှိနေသည့်အတွက် စုစည်းညီညွတ်သည့် အင်အားရရှိရေး ရည်မှန်းချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုပါလျှင် တိုင်းရင်းသားလူမျိုးများအားလုံး စုစည်းညီညွတ်မှု စွမ်းပကားဖြင့် ရယူခဲ့သည့် စည်းလုံးညီညွတ်မှုနှင့် နှစ်ပေါင်းများစွာ အသက်၊ သွေး၊ ချွေးများပေးဆပ်ပြီး ခက်ခဲကြမ်းတမ်းစွာရယူလာခဲ့ရသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအစွန့်ရှည်ကြာတည်တံ့ခိုင်မြဲ နေစေရန်အတွက် မျက်မှောက်ကာလတွင် သွယ်ဝိုက်သောနည်းလမ်းဖြင့် လက်ဝေခံနိုင်ငံဖြစ်အောင် ကြံစည်အားထုတ်မှုများနှင့် တိုင်းပြည်ယိုယွင်းပျက်စီးအောင် ပြုလုပ်နေကြသည့် ပြည်တွင်း/ပြည်ပ အဖျက်အန္တရာယ်များကို စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် တွန်းလှန်ဖယ်ရှားသွားကြရမည် ဖြစ်ပါကြောင်း။ ။

## အောင်ရတုနှင့် အောင်ဆုတည်

* ရှေးယခင် နှံ့နှစ်ခဲ့
ကျွန်ဖြစ်တဲ့ သင်ခန်းစာ၊
အချုပ်အခြာ အာဏာပျောက်လို့
သူ့အောက်ရောက်ရှာ၊
ကိုယ့်အမျိုး ကိုယ့်သာသနာ
ကိုယ့်ဘာသာ ဂုဏ်ရည်ညှိုး။
မိစ္ဆာကောင် နယ်ချဲ့ဆိုးက
ဖိနှိပ်စိုးမိုး။

* နယ်ချဲ့ကောင် မိစ္ဆာအောက်က
လွတ်မြောက်ဖို့ ကြိုးပမ်းရှာ၊
တိုင်းရင်းသားစုံ အတူတွဲလို့
တိုက်ပွဲတိုင်းပါ၊
အသက်နဲ့ ကိုယ်ခန္ဓာ
စွန့်လွှတ်ကာ စတေးကြ။
အညံ့မခံ ဦးမညွတ်မှ
လွတ်လပ်ရေးရ။

* မင်္ဂလာ ချိန်ယခု
စိန်ရတု ရက်မြတ်မှာ၊
ကျက်သရေ တက်နေဝန်းသို့
တင့်ရွှန်းဝေဖြာ၊
ကိုယ့်အမျိုး ကိုယ့်သာသနာ
ကိုယ့်ဘာသာ ဂုဏ်ရှိန်မြင့်။
အောင်ပွဲခံ အောင်မြေနန်းမှာ
အောင်ပန်းဝေဆင့်။

* အောင်တဘောင် အောင်နိမိတ်ရယ်နဲ့
အောင်အတိတ် အောင်မြဲပင်၊
အောင်သံဝေ အောင်စည်ဟိန်းတယ်
အောင်ကိန်းနဲ့ယှဉ်၊
အောင်ဘိသိက် အောင်သဘင်၊
အောင်မြင်တဲ့ အောင်ပွဲ။
အောင်ကြောင်းဖြာ အောင်ရတုမှာလ
အောင်ဆုတည်စွဲ။ ။

ရေနံ့သာမောင်ကျော်ညွန့်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုဖွဲ့ဆိုပါသည်။

# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 January 2023 ၁၀၉၇၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သမိုင်းပေးတာဝန်များအပေါ်တွင် ရဲဝံ့ပြောင်မြောက်သည့် သူရသတ္တိနှင့် အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်စွန့်လွှတ်ခဲ့ကြသူများကို နှစ်စဉ် လွတ်လပ်ရေးနေ့ရောက်တိုင်း နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးလျက်ရှိ

# တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်း

**နေပြည်တော် ဇန်နဝါရီ ၃**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသည့် တောင်ငူလေတပ်စခန်းဌာနချုပ်မှ ပြန်တမ်းဝင်အမှတ်၊ လေ ၃၂၅၈ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျာထွဏ်း ကိုယ်စား ဇနီး ဒေါ်ဝင်းပပဖြိုးကို ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။


ယနေ့ ဖတ်စရာ

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း** စာမျက်နှာ » ၉

**ဂုဏ်ထူးဆောင် ဘွဲ့များ ချီးမြှင့်အပ်နှင်း** စာမျက်နှာ » ၁၅

**(၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ သဝဏ်လွှာများပေးပို့** စာမျက်နှာ » ၈

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် Digital ငွေပေးချေမှုများ ပိုမိုသုံးစွဲနိုင်ရေး၊ ငွေသားသုံးစွဲမှုလျှော့ချရေး၊ ငွေကြေးတည်ငြိမ်ရေးတို့ကို ဦးစားပေးဆောင်ရွက်** စာမျက်နှာ » ၁၉

ကြေးမုံ

# (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု

ယနေ့သည် မြန်မာနိုင်ငံ၏သမိုင်းတွင် ထူးခြားမွန်မြတ်သည့် နေ့တစ်နေ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့သည်မှာ ယခု ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်မြောက်ကာလသို့ ရောက်ရှိလာပြီဖြစ်၍ မြန်မာ့သမိုင်းတွင် တစ်မူထူးခြားသည့် စိန်ရတုလွတ်လပ်ရေးနေ့ကို အထူးဂုဏ်ပြုအသိအမှတ်ပြုရမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကာလကတည်းက ပင် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံ အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နေထိုင်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများ သွေးစည်းချစ်ကြည်စွာဖြင့် အတူတကွစုပေါင်းလက်တွဲ နေထိုင်လာခဲ့ကြသည့် သမိုင်းကြောင်းအစဉ်အလာကောင်းများ များစွာရှိသောနိုင်ငံ ဖြစ်သည်။ သို့သော် ခေတ်မီတပ်မတော်နှင့် စည်းလုံးညီညွတ်မှုအားနည်းခဲ့သောကြောင့် မြန်မာတို့သည် နယ်ချဲ့ဗြိတိသျှတို့နှင့် စစ်ပွဲသုံးကြိမ်ဆင်နွှဲပြီးနောက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရသည်။

မြန်မာနိုင်ငံကို အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် ပြန်လည်ရောက်ရှိရန်အတွက် ကျွန်ုပ်တို့ ဘိုးဘွားဘီဘင်များသည် နှစ်ပေါင်းတစ်ရာကျော် အသက်၊ သွေး၊ ချွေး မြောက်မြားစွာစတေးပြီး ခက်ခဲပင်ပန်းကြမ်းတမ်းစွာဖြင့် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ လွတ်လပ်ရေးကို အလွယ်တကူ ဆုံးရှုံးခဲ့သော်လည်း လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် များစွာပေးဆပ်ခဲ့ရသည်ကို သတိမူရမည် ဖြစ်သည်။ ခက်ခဲကြမ်းတမ်း ပင်ပန်းဆင်းရဲစွာ ရယူခဲ့ရသော လွတ်လပ်ရေးကို နောက်တစ်ကြိမ် ပြန်လည်မဆုံးရှုံးစေရန်အတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နိုင်ငံတော်ကြီး တောင့်တင်းခိုင်မာစေရန် နိုင်ငံသားတိုင်းကပါ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ခက်ခက်ခဲခဲရယူထားခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူအားလုံး၏ အသက်ဝိညာဉ် ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင် မျိုးချစ်ပုဂ္ဂိုလ်များ၏ စွန့်လွှတ်စွန့်စားရယူပေးခဲ့သည့် မြန်မာ့လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ထာဝစဉ်အစွန့်ရှည် တည်တံ့ခိုင်မြဲနေစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် လွတ်လပ်ရေး၏ အသီးအပွင့်ဖွံ့ဖြိုးတိုးတက်မှုများကို တိုင်းရင်းသားပြည်သူအားလုံး တန်းတူညီမျှခံစားနိုင်ရန်အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အဖနိုင်ငံတော်ကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲနေစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်မှာ တိုင်းရင်းသားပြည်သူအားလုံး၏ တာဝန်ဖြစ်သည်။

၂၀၂၃ ခုနှစ် လွတ်လပ်ရေးနေ့သည် ထူးကဲမွန်မြတ်သည့် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သဖြင့် လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော မိမိတို့ဘိုးဘေးဘီဘင်များ၏ ကျေးဇူးကိုသိတတ်သောအားဖြင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးအတွက် ချမှတ်ထားသည့် အောက်ပါအမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ခံယူပြီး ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်သည်။

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

အထက်ပါဦးတည်ချက်များသည် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် မဖြစ်မနေ ဆောင်ရွက်ကြရမည့်အချက်များဖြစ်၍ တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး"ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှစ၍ ဖိတ်ခေါ်ခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးပေးပို့ရန် ဖိတ်ခေါ်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှု သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ပုံရိပ်များနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရမည့် မွန်မြတ်သော ရည်ရွယ်ချက်များ စသည့် လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးရေးသားထားသည့် ဆောင်းပါး ၉၆ ပုဒ်ဖြင့် ပြိုင်ပွဲဝင် ၉၆ ဦးက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲဝင်ဆောင်းပါးများကို မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာပေပညာရှင်ကြီးများက စိစစ်အကဲဖြတ်ကြရာ ပထမဆု ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ဒုတိယဆု ငြိမ်းချမ်းမေ၊ တတိယဆု ရင်ငြိမ်းအေး(မေတ္တာမြေ)တို့က ရရှိခဲ့ကြပြီး အထူးဆုများအဖြစ် တင်ကိုဝင်း၊ မနောသစ် (ပခုက္ကူ)၊ မင်းသန်းနိုင်(မုဒုံ)၊ မင်းလပြည့် (ဟားခါး)၊ မောင်(ပုလဲမြေ)တို့က ရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးဝန်ကြီးဌာနက ဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲ ကျင်းပမည့်ရက်ကို ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃ - ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၄၇၄ | ၄,၁၃၅,၂၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၇၈၀ | ၂,၅၄၀,၃၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၈၅၉ | ၁၅,၈၉၁,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၂၇၂ | ၇၀၇,၂၀၀ |
| EFR | ၂,၇၅၀ | ၂,၇၀၀ | ၅၃ | ၁၄၅,၃၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀၅ | ၁,၀၀၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၁၅.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၃.၉၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၉၇၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၆.၆၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၃၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၁.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၁.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၁၀.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၄.၄၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့သမိုင်းစဉ်တစ်လျှောက် ရဲစွမ်းသတ္တိပြည့်ဝသည့် မျိုးချစ်သူရဲကောင်းများစွာ ပေါ်ထွက်ခဲ့ကြကြောင်း၊ ထိုကဲ့သို့ အမျိုးကိုချစ်သည့် သူရဲကောင်းများ မြောက်မြားစွာ ပေါ်ထွက်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့ နိုင်ငံသားများ၏ တိုင်းပြည်နှင့် လူမျိုးအပေါ်ထားရှိသည့် သစ္စာတရားများကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်းနှင့် ထိုက်တန်သည့် ဘွဲ့ထူး ဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးရရှိအောင် ကြိုးစားခဲ့ရသည့်နည်းတူ လွတ်လပ်ရေးကို မဆုံးရှုံးရအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည့် တပ်မတော်လည်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးစကာလသည် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတည်ရှိမှုအတွက် အစိုးရိမ်ရဆုံးကာလ ဖြစ်ခဲ့ကြောင်း၊ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် တပ်မတော်သည် တိုင်းပြည်နှင့် လူမျိုးအတွက်ရှိသည့် အင်အား၊ ရှိသည့် ခွန်အားများနှင့် အစွမ်းကုန်ဖြေရှင်းခဲ့ရကြောင်း၊ ရောင်စုံသောင်းကျန်းသူများကြောင့် လွတ်လပ်ရေးကြီး ထပ်မံမဆုံးရှုံးရစေရန်နှင့် ပြည်ထောင်စုကြီး ပြိုကွဲ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသည့် အမှတ်(၃) ခြေလျင်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၆၇၄၁၄ ဗိုလ်မှူးကိုကိုဦး ကိုယ်စား ဇနီး ဒေါ်မေမျိုးအောင်ကို ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသည့် အမှတ်(၁၃) ခြေလျင်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၇၃၅၃၅ ဗိုလ်ကြီးနောင်ထိုက် ကိုယ်စား မိခင် ဒေါ်မိမိခိုင်ကို ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသည့် အမှတ်(၃၁၉) ခြေမြန်တပ်ရင်းမှ ကိုယ်ပိုင်အမှတ်၊ တ–၄၂၆၈၄၅ တပ်ကြပ်ကြီး ချစ်ကို ကို ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသည့် အမှတ်(၁၃၉) ခြေလျင်တပ်ရင်းမှ ကိုယ်ပိုင်အမှတ်၊ တ–၅၄၇၃၃၈ ဒုတိယတပ်ကြပ် ဘုန်းနိုင်ဦး ကိုယ်စား ဖခင် ဒုတိယအရာခံဗိုလ် ခင်လတ် ကို ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။

ပျက်စီးခြင်းမဖြစ်ရစေရန် တပ်မတော်သားများအနေဖြင့် အသက်ပေါင်းများစွာ ရင်းနှီးပေးဆပ်ခဲ့ပြီး ကာကွယ်ထိန်းသိမ်းခဲ့ကြရကြောင်း။

လွတ်လပ်ရေးရပြီးချိန်မှ ယနေ့ကာလအထိတိုင် တပ်မတော်အနေဖြင့် သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်ပြီး အစဉ်အလာ(၁၂)ရပ်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်၏ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်မှုများကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်သည့် အမျိုးသားနိုင်ငံရေး တာဝန်များကို သာ ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ သမိုင်းပေးတာဝန်များအပေါ်တွင် ရဲဝံ့ပြောင်မြောက်သည့် သူရသတ္တိနှင့် အသက်သွေးချွေးပေါင်းများစွာ **စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ

ပေးဆပ်စွန့်လွှတ်ခဲ့ကြသူများကို နှစ်စဉ် လွတ်လပ်ရေးနေ့ရောက်တိုင်း နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းပင်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၃၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ နှစ်ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၉ ဦး တို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရဲဗလ တံဆိပ်ရရှိသူ ၁၈၁ ဦး၊ စီမံထူးချွန်တံဆိပ်ရရှိသူ ၁၁၀ ဦး၊ လူမှုထူးချွန်တံဆိပ်ရရှိသူ ၁၂ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်ရရှိသူ လေးဦး၊ ဝန်ဆောင်စီးပွား ထူးချွန်တံဆိပ်ရရှိသူ ၁၀ ဦး၊ သိပ္ပံပညာထူးချွန်တံဆိပ်ရရှိသူ လေးဦး၊ ဆေးပညာထူးချွန်တံဆိပ်ရရှိသူ တစ်ဦးနှင့် နည်းပညာထူးချွန်တံဆိပ်ရရှိသူ ၇၄ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၃၆ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၀၄ ဦးတို့ကိုလည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာတိုင်းမှူးများက တစ်ချိန်တည်း တစ်ပြိုင်တည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

**တိုက်တွန်း မှာကြား**

မိမိတို့ ချီးမြှင့်ခြင်းခံရသည့် တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ၏ တန်ဖိုး၊ ပိုင်းဖြတ်၍မရသည့် လေးနက်မှုကို မျိုးဆက်သစ်များ မျှဝေခံစား၍ရအောင် လက်ဆင့်ကမ်း အမွေပေးသွားကြရန်၊ တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ထံ ကျရောက်လာမည့် တာဝန်များနှင့်ပတ်သက်ပြီး ကျေပွန်အောင် ဆက်လက် ထမ်းဆောင်သွားကြရန်၊ လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏ အမွေကို သိရှိနားလည်ပြီး ဒို့တာဝန် အရေးသုံးပါးကို ထာဝစဉ်ကာကွယ်စောင့်ရှောက်မည်ဟူသည့် ယုံကြည်ချက်၊ ခံယူချက်နှင့် တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၃၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ နှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၉ ဦး တို့ကို ဆုတံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းလက်မှတ်ရရှိသည့် အမှတ်(၈၇) ခြေလျင်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၅၁၀၉၉ ဗိုလ်မှူးထက်အောင်ခိုင် ကိုယ်စား ဇနီးဒေါ်အေးဝါဇင်ဖြိုးကို ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၉၃၆၄ ဗိုလ်မှူးကြီး ငွေမင်းထိုက်ကို ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် အမှတ်(၁၄) ခြေလျင်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၄၀၁၆၀ ဒုတိယဗိုလ်မှူးကြီးဇော်လင်းထွန်း ကိုယ်စား ဇနီး ဒေါ်သဲသဲလေးကို ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၅၇၆၀၃ ဗိုလ်ကြီးလှိုင်မြင့်ထွန်းကို ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်သည်။ **စာမျက်နှာ ၅ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

☆ စာမျက်နှာ ၄ မှ

တပ်မတော်တွင် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ရရှိသူများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ အောင်ဆန်းသူရိယဘွဲ့ရရှိသူခြောက်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၅၁ ဦး၊ သူရဘွဲ့ရရှိသူ ၅၅၄ ဦး၊ သီဟဗလတံဆိပ်ရရှိသူခြောက်ဦး၊ သူရဲကောင်းမှတ်တမ်းဝင်ရရှိသူ ၁၈၆၀၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၀၅၀၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၃၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၁၂၅ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ကိုးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၃၅၁ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် အမှတ်(၄) ကာကွယ်ရေးပစ္စည်းစက်ရုံမှ ကိုယ်ပိုင်အမှတ်၊ ဇ၉၁၈၅၅ တပ်ခွဲတပ်ကြပ်ကြီး ညိုဝင်း ကို ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် အမှတ်(၁၅) ခြေမြန်တပ်ရင်းမှ ကိုယ်ပိုင်အမှတ်၊ တ-၃၁၉၈၀၄ ဒုတိယတပ်ကြပ် သာထွန်းအောင် ကိုယ်စား ဇနီး ဒေါ်စိုးစိုး ကို ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်အပ်နှင်းစဉ်။



တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။

✻ ကျောဖုံးမှ
နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Gold Medal Hall သို့ ရောက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအဖွဲ့များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးကိုကိုနှင့် ဦးမင်းသိန်း၏၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့က တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ပုသိမ်ထီးများ အမှတ်တရ လက်ဆောင်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သည့် အိပ်ခန်းဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်) သို့ ရောက်ရှိပြီး(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဒေါက်တာမျိုးသိမ်းကျော်နှင့် ဦးမင်းသိန်း၏၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်းတို့က ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင် ပုသိမ်ထီးများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ တည်းခိုနေထိုင်သည့် အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး စားသောက်နေထိုင်မှု အဆင်ပြေချောမွေ့စေရေးနှင့် အခြားလိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုယိမ်းအဖွဲ့များအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း(ရွာတော်) စားရိပ်သာကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်က စာပေပညာရှင် ၅၁ ဦးကို အလှူငွေကျပ်ငါးသိန်းစီ ထောက်ပံ့ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်သည် မြန်မာစာပေဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ စာပေမျက်စိကို အလင်းဖွင့်ပေးရေးအတွက် ဆောင်ရွက်နေသည့် စာပေဗိမာန်နှင့် မြန်မာစာပေအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသည့် စာပေပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ကျင်းပခဲ့သည့် စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက စာပေရန်ပုံငွေအတွက် ငွေကျပ်သိန်းပေါင်း ၂၂၁၅ သိန်းကို လှူဒါန်းခဲ့သည်။

**မြန်မာစာပေဖွံ့ဖြိုးရေးအကျိုးငှာ**

အဆိုပါ စာပေရန်ပုံငွေကို မြန်မာစာပေဖွံ့ဖြိုးရေးအကျိုးငှာ ဆောင်ရွက်သည့်လုပ်ငန်းများ ပိုမိုသွက်လက်စေရေး၊ စာပေဝန်ကို ထမ်းဆောင်နေသူ စာပေပုဂ္ဂိုလ်များကို အားဖြည့်ကူညီပေးရေး လုပ်ငန်းများတွင် အသုံးပြုသွားရန် ရည်ရွယ်ခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် စာပေဗိမာန်၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင် ၅၁ ဦးကို ဖိတ်ကြား၍ နိုင်ငံတော်က လှူဒါန်းသော ငွေကြေးထောက်ပံ့ပွဲ အခမ်းအနားကို စာပေဗိမာန်၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် စာပေပညာရှင် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီဖြင့် လှူဒါန်းငွေစုစုပေါင်း ၂၅၅ သိန်းကို အမျိုးသားစာပေတစ်သက်တာဆုရရှိသူများအနက် သက်ရှိထင်ရှားရှိနေသေးသူများ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ဝင်များ၊ စာပေဗိမာန်မှ သက်ပြည့်၊ နှစ်ပြည့်အငြိမ်းစားယူသွားပြီး စာပေအကျိုး ဆက်လက်ဆောင်ရွက်ပေးနေကြသူ ပညာရှင် ၅၁ ဦးထံ စာပေဗိမာန်စာတည်းမှူးချုပ် ဦးတိုးကျော်က လက်ရောက်ပေးအပ်ခဲ့ကြောင်း၊ အခမ်းအနားသို့ မတက်ရောက်နိုင်သည့် သက်ကြီးစာပေ ပညာရှင်များကိုလည်း စာပေဗိမာန်က အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့သည်။

ဆက်လက်၍လည်း ကျန်ရှိသည့် စာပေရန်ပုံငွေကို မြန်မာစာပေလောကအကျိုးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**စာစာအိပ်လို့ စာစာထလို့ စာစာလမ်းလျှောက်ကြပါစို့**

“နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။”

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်]



ပြည်ထောင်စုတိုင်းရင်းသားများ ဓာတ်ပုံ - စိုင်းထွန်းနေလှိုင်

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲ၊ ဗိုလ်လုပွဲနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသော ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို (၂)ပွဲ၊ (၁)ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော ရခိုင်ပြည်နယ်အသင်းကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က တစ်ဦးချင်းဆုဆွဲပြားကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ နှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။

မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦးက လည်းကောင်း၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးကလည်းကောင်း။

အမျိုးသား လုံတံပစ်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်က လည်းကောင်း၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲနှင့် လုံတံပစ်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက လည်းကောင်း၊ အမျိုးသား/ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေး ပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းကလည်းကောင်း၊ အမျိုးသား (သုံးဆင့်ခုန်ပြိုင်ပွဲနှင့် သံလုံးပစ်ပြိုင်ပွဲ)တွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသားနှင့် အမျိုးသမီး တံခွန်စိုက်ဆုများရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က လည်းကောင်း တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

၆၇။ ဘဒ္ဒန္တဣန္ဒဉာဏ၊ တိပိဋကနိကာယကျောင်းတိုက်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၈။ ဘဒ္ဒန္တဝိမလ၊ မြို့မဂိုဏ်းချုပ်ဆရာတော်ကြီးကျောင်းတိုက်၊ မင်္ဂလာရပ်ကွက်၊ နမ့်ဆန်မြို့၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၆၉။ ဘဒ္ဒန္တပညာသာရ၊ အာရမ်းကျောင်းတိုက်၊ အာရမ်းကျေးရွာ၊ နမ့်ဆန်မြို့နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၇၀။ ဘဒ္ဒန္တပညာနန္ဒ၊ ကံတလိပရိယတ္တိစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ ဟဲဟိုးမြို့၊ ရှမ်းပြည်နယ်

၇၁။ ဘဒ္ဒန္တဩဘာသ၊ မြို့ဦးပရိယတ္တိစာသင်တိုက်၊ နမ့်လန်ကျေးရွာ၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်

၇၂။ ဘဒ္ဒန္တဓမ္မပါလ၊ ဈေးတန်းပရိယတ္တိစာသင်တိုက်၊ ဈေးတန်းရပ်ကွက်၊ မိုင်းဖြတ်မြို့၊ ရှမ်းပြည်နယ်

၇၃။ ဘဒ္ဒန္တတာရက၊ မြို့မဘုရားကြီးကျောင်းတိုက်၊ မြို့ကုန်းရပ်ကွက်၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်

၇၄။ ဘဒ္ဒန္တဉာဏိက၊ အောင်မင်္ဂလာနမ့်ဆန်ကျောင်းတိုက်၊ ရပ်ကွက် (၉) ၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၇၅။ ဘဒ္ဒန္တဝါသဝ၊ တိလင်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

၇၆။ ဘဒ္ဒန္တဇာဂရ၊ တယ်ချောင်းဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ တယ်ချောင်းကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇၇။ ဘဒ္ဒန္တပညာဇောတ၊ ကညင်ချောင်းဓမ္မဗိမာန်ကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ သာပေါင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

စာမျက်နှာ ၁၃ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

၇၈။ ဘဒ္ဒန္တကေသရ၊ လိုတရစမ္မဝိသုဒ္ဓိမဟာစည်ကျောင်းတိုက်၊ ကြိမ်ချောင်းကြီးကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇၉။ ဘဒ္ဒန္တတေဇိန္ဒ၊ ဓမ္မရိပ်သာကျောင်းတိုက်၊ မြောက်ပိုင်းရပ်ကွက်၊ ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၀။ ဘဒ္ဒန္တဥတ္တရ၊ ထန်းပင်ကျောင်းပရိယတ္တိစာသင်တိုက်၊ မဟာပုညာရာမတိုက်၊ အမှတ်(၁)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၁။ ဘဒ္ဒန္တဝဏ္ဏောဘာသ၊ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်၊ အရှေ့ဖျားကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၈၂။ ဘဒ္ဒန္တကုဝေရ၊ သာသနဇောတိကာရုံကျောင်းတိုက်၊ တူးမြောင်းကျေးရွာ၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၈၃။ ဘဒ္ဒန္တဖရဓမ္မဝဇိရမုနိ ဝိ.(ဘွန်ချစ် ဉာဏသံဝရ)၊ ဝပ်မဟာဓာတ်ယုဝရာဇရမ်စရစ်(ဝပ်မဟာဓာတ်) ကျောင်းတိုက်၊ ဖရနခွန်၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ

၈၄။ ဘဒ္ဒန္တနန္ဒမာလာလင်္ကာရ၊ မြန်မာထေရဝါဒဗုဒ္ဓစင်တာကျောင်း၊ ဘာလာရှီးဟာရပ်ကွက်၊ မော်စကိုမြို့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ

၈၅။ ဘဒ္ဒန္တနန္ဒက၊ ကုသိနာရုံမြန်မာကျောင်းတိုက်၊ ဗုဒ္ဓနဂရီရပ်ကွက်၊ ကုသိနာရုံခရိုင်၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၈၆။ ဒေါ်ထေရဉာဏီ၊ မဟာဓမ္မဝိဟာရီသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ လောဓမ္မရပ်ကွက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်

၈၇။ ဒေါ်ကုလစာရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရန်နွေးကျေးရွာ၊ လေရှီးမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၈၈။ ဒေါ်ဉာဏစာရီ၊ ဓမ္မထေရီတောရ(အမြဲတမ်းဓမ္မရိပ်သာ)၊ ဥသျှစ်ပင်မြို့၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၈၉။ ဒေါ်ဝီရကာရီ၊ သဘာဝဓမ္မဂယာရိပ်သာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၀။ ဒေါ်ဘဒ္ဒဉာဏီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုငြိမ်းချမ်းရွှေပြည်သီလရှင်စာသင်တိုက်၊ ပုန်းထွန်ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

၉၁။ ဒေါ်သုပညာ၊ သုခဝတီသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကနောင်စုရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**လူပုဂ္ဂိုလ်များ**

၉၂။ ဦးဒီးဒုတ်(ခ)ဦးတင်မင်းထွေး၊ အမှတ်(၅၂၅)၊ ပြည်ထောင်စုလမ်း၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၉၃။ ဦးအောင်သီဟ(ခ)ဦးအောင်သွေးဦး၊ အမှတ်(၁၁)၊ ဈေးလမ်း၊ မိုးဇာရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉၄။ ဦးမျိုးမင်း၊ အမှတ်(၂၀၉)၊ အမှတ်(၁၀)ရပ်ကွက်၊ ပျူစောထီးလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၅။ ဒေါ်ငွေရည်ဦး၊ အခန်း(၂)၊ တိုက်(ဘီ)၊ ကျိုက္ကဆံရဲအရာရှိကြီးများရိပ်သာ၊ မိုးကောင်းလမ်း၊ အမှတ်(၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ၊ မဟာမင်းကြီးကျောင်းတိုက်၊ (၃-မိုင်)ရွှေပြည်သာရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တပညာဝံသ၊ အသောကာရာမကျောင်းတိုက်၊ ခေါင်ဖူးရွာသစ်ကြီးကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တတေဇိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဟိုစဲ့ကျေးရွာ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တသုန္ဒရ၊ ဝဲကင်းအံကျောင်းတိုက်၊ ဝဲကင်းအံကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တကုန္ဒာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်း၊ မတူပီမြို့၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တကုသလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုပ်ခေးကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တသုမင်္ဂလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လွန်းထောင်းကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တကေတုမာလာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ (၂၁)မိုင်ကျေးရွာ၊ လေရှီးမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဝိမလ၊ သံခြေတောင်စည်တော်ဝင်ကျောင်းတိုက်၊ မောင်းကုန်းကျေးရွာအုပ်စု၊ ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တစာရိန္ဒ၊ ကဥ္စနာရာမကျောင်းတိုက်၊ ကံမော်ကျေးရွာ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တသုစိတ္တသာရ၊ ဓမ္မရက္ခိတဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကြိမ်နီတောင်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တပဏ္ဍိတာနန္ဒ၊ ပဏ္ဍိတာရာမစာသင်တိုက်၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၃။ ဘဒ္ဒန္တခေမိန္ဒ၊ နန္ဒင်းအိုင်ကျောင်းတိုက်၊ နန္ဒင်းအိုင်ကျေးရွာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၄။ ဘဒ္ဒန္တစန္ဒိမာ၊ မဟာပုညောဒယဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ရင်းတိုက်ကုန်းကျေးရွာ၊ ကျောက်ကြီးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တနန္ဒာသီရိ၊ မဟာထူပါရုံပရိယတ္တိစာသင်တိုက်၊ ဘုရားကြီးလမ်းရပ်ကွက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တသေဋ္ဌိလ၊ အလယ်ကျွန်းသဘော်ဦးဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ အမှတ်(၉) ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၇။ ဒေါက်တာဘဒ္ဒန္တအဂ္ဂါစာရ၊ မဟာပညာဗိမာန်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကျွဲတဲရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဃောသိတ၊ မဟာသတိပဋ္ဌာန်ကျောင်းတိုက်၊ ဆင်စုနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဇဝန၊ တောင်စကိုင်းကျောင်းတိုက်၊ တောင်စကိုင်းကျေးရွာ၊ ကံမမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တကလျာဏ၊ ယသဇေယျာရုံဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကန်ပြားအရှေ့ကျေးရွာ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တစာရိတ္တသာရ၊ သာယာအေးကျောင်းတိုက်၊ တောင်ပြင်(၁)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တသုစိတ္တသာရ၊ အောင်သိဒ္ဓိဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အရှေ့ပိုင်းရပ်ကွက်၊ ပွင့်ဖြူမြို့၊ မကွေးတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တအာသဘ၊ ခင်လူးလေးထပ်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ခင်လူးကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တတေဇိသာရ၊ သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ အမှတ်(၁၈)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တသုန္ဒရ၊ ညောင်ပင်သာယာကျောင်းတိုက်၊ ညောင်ပင်သာယာကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တဉာဏရံသီ၊ ဘုရားကျောင်းစာသင်တိုက်၊ ကရုပ္ပိစံပြကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်

၂၇။ ဘဒ္ဒန္တအာစာရ၊ သာသနဇောတိကပရိယတ္တိစာသင်တိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်

၂၈။ ဘဒ္ဒန္တသူရိယ၊ မြို့သစ်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်

၂၉။ ဘဒ္ဒန္တဝေဒက၊ အောင်ဓမ္မရိပ်သာကျောင်းတိုက်၊ လင်းသာရပ်ကွက်၊ ငပလီမြို့၊ သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်

၃၀။ ဘဒ္ဒန္တဝိလာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဖလားကျကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်

၃၁။ ဘဒ္ဒန္တဇဝန၊ စံရိပ်ငြိမ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ဒေါက်တာဘဒ္ဒန္တလာဘ၊ စကားဝါရွှေပြည် မိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တဓမ္မိက၊ သာသနဇောတိကာရုံကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တကုမာရ၊ အောင်ဘုန်းပွင့်တောင် အောင်သိဒ္ဓိပါဠိကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ဘဒ္ဒန္တဝါသေဋ္ဌ၊ ဘုရားကြီးကျောင်းပရိယတ္တိစာသင်တိုက်၊ အနော်ရထာရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တရေဝတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆွပ်ပလောင်းကျေးရွာ၊ မိုင်းဖြတ်မြို့နယ်၊ ရှမ်းပြည်နယ်

၃၇။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရပ်ကွက်(၇)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၃၈။ ဘဒ္ဒန္တဇနိန္ဒသာမိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရပ်ကွက်(၅)၊ ပန်ဆိုင်း(ကြူကုတ်)မြို့၊ ရှမ်းပြည်နယ်

၃၉။ ဘဒ္ဒန္တပညာဇောတ၊ ဆီအောနဂါးလိုဏ်ဂူကျောင်း ပရိယတ္တိစာသင်တိုက်၊ ဆီအောကျေးရွာ၊ လောက်ကိုင်မြို့နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၄၀။ ဘဒ္ဒန္တဥက္ကံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဟိုလတ်ကျေးရွာ၊ နမ့်ဆန်မြို့နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၄၁။ ဘဒ္ဒန္တသောဘန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပါစင်ကျော်ကျေးရွာ၊ လောက်ကိုင်မြို့နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၄၂။ ဘဒ္ဒန္တသုမန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပန်းဆေးကျေးရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်

၄၃။ ဘဒ္ဒန္တပညာတိက္ခ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သိကျိုတ်ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၄၄။ ဘဒ္ဒန္တပညာသီဟ၊ လောကရန်ကင်းကျောင်းတိုက်၊ သရက်ကုန်းကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၄၅။ Ven.Gataberikande Rathanasiri Thero, Sri Jayathilakarama Purana Maha Viharaya, Dutugemuna Mawatha, Peliyagoda, Lavinia၊ သီရိလင်္ကာနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၄၆။ ဒေါ်ကုန္ဒာရီ၊ ဥတ္တရာရုံသီလရှင်သင်ပညာရေး မူလတန်းကျောင်း၊ အထက်ရှမ်းစုကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်

၄၇။ ဒေါ်ဥမ္မာသီ၊ ရတနာ့ရောင်ခြည်သီလရှင်သင် ပညာရေးမူလတန်းကျောင်း၊ နန္ဒဝန်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၈။ ဒေါက်တာဒေါ်နန္ဒသိင်္ဂီ၊ ရွှေစင်မင်းသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၄၉။ ဒေါ်သေုဝတီ၊ သီလဝါ သီလရှင်စာသင်တိုက်နှင့်သီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

၅၀။ ဒေါ်ကုသလနန္ဒီ၊ ဓမ္မဂုဏ်ရည်သီလရှင်ကျောင်း၊ အမှတ်(၃)ရပ်ကွက်၊ အင်္ဂပူမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**လူပုဂ္ဂိုလ်များ**

၅၁။ ဒေါ်မြင့်မြင့်စိုး၊ အမှတ်(၂၈)၊ (၄)လမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၅၂။ ဦးမျိုးဆက်၊ အမှတ်(ဆ/၇၈)၊ ပိတောက်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၅၃။ Mrs. LEE JUNG HEE, Room-602 Mulae Xi Apt, Building-118, Dangsan-ro 4gil 12, Yeongdeungpo, တောင်ကိုရီးယားနိုင်ငံ

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပညာသာမိ၊ တောင်ကလေးပရိယတ္တိ ပဋိပတ္တိသာသနာ့အေးရိပ်သာကျောင်းတိုက်၊ တောင်ကလေးကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တသုနန္ဒ၊ ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ ကုန်းမြင့်သာယာရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဇောတိက၊ မိုးကုတ်ဝိပဿနာဇနိတာရာမကျောင်းတိုက်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဘဒ္ဒန္တကုန္ဒာစာရာဘိဝံသ၊ စိတ္တသုခသာသနာ့ရိပ်သာကျောင်းတိုက်၊ ဝါးကောက်ကျွန်းရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဓမ္မပီယ၊ ဖွဲ့စုံသာသနာရာမပရိယတ္တိစာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါက်တာဘဒ္ဒန္တနိမလ၊ နန္ဒာအောင်မြေကျောင်း၊ လိပ်ပြာကန်တိုက်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တပညာဇောတ၊ မြိုင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၁၄ သို့ ☆

☆ စာမျက်နှာ ၁၃ မှ

၈။ ဘဒ္ဒန္တစန္ဒသေန၊ သုညတဓမ္မမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ (၇/အနောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဒေါက်တာဘဒ္ဒန္တပညာသာရ၊ ပန်းတစ်ပွင့်တောင်သာသနာပြုတောရရိပ်သာကျောင်းတိုက်၊ ဖူးကြီးကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဒေဝိန္ဒ၊ စွန်းလွန်းဝိပဿနာရိပ်သာကျောင်းတိုက်၊ ရပ်ကွက်(၁၀)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၁၁။ ဘဒ္ဒန္တပညာသာရ၊ မဟာစေတျာရာမ ဘုရားကြီးကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပညာသိရီ၊ မိဂဒါဝုန်မိုးကုတ်ဝိပဿနာပဋိပတ္တိသာသနာ့ရိပ်သာကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တသောဘိတာဘိဝံသ၊ ရွှေဟင်္သာမစိုးရိမ်ဣန္ဒာသယဓမ္မရိပ်သာကျောင်းတိုက်၊ အောက်စုစံပြကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

### မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကာရုညာဓိပတိ၊သံဃာ့ဂုဏ်ရည်ပုညဝတီစိန်တလုံးတောရပဋိစ္စသမုပ္ပါဒ်သင်တန်းကျောင်းတိုက်၊ လောပိတစံပြကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်
၂။ ဘဒ္ဒန္တသာသန၊ ပြူတွင်းမြို့ရှေ့ကျောင်းတိုက်၊ ပြူတွင်းကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၃။ ဘဒ္ဒန္တမာလာ၊ သဒ္ဓမ္မဂီရိတောရဓမ္မရိပ်သာကျောင်းတိုက်၊ နဝဒေးရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တပညာသိရီ၊ ပုညဝတီမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ ဈေးလည်စိုးရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တနန္ဒသိရီ(ခ)ဘဒ္ဒန္တနန္ဒောဘာသ၊ ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာကျောင်းတိုက်၊ မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၆။ ဒေါက်တာဘဒ္ဒန္တတေဇိန္ဒ၊ မိုးကုတ်ပရိယတ္တိပဋိပတ္တိတေဇိန္ဒဝိဟာရကျောင်းတိုက်၊ အမှတ်(၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဥတ္တမ၊ ရွှေတောင်ဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဒေါက်တာဘဒ္ဒန္တစိန္တာမယ၊ ဆေးရိုးပင်သဲအင်းဂူရိပ်သာကျောင်းတိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဒေဝိန္ဒ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဟိုပန်မြို့၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ်
၁၀။ ဘဒ္ဒန္တနာယက၊ မင်းကျောင်းထာဝရဓမ္မရိပ်သာကျောင်းတိုက်၊ ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၁၁။ ဘဒ္ဒန္တမဟိန္ဒ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အထက်ပိုင်းရပ်ကွက်၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဝဏ္ဏသိရီ၊ သာသနအောင်မြေပဋိပတ္တိကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဝေပုလ္လာစာရ၊ အောင်ဇမ္ဗူကျောင်းတိုက်၊ ပင်လုံရပ်ကွက်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

### ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသံဝရာစာရ၊ သီရိဓမ္မာတောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ နန်ကျင်ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဝါယမိန္ဒ၊ ဂန္ဓဝင်မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်၊ နန်းကင်ကျေးရွာ၊ အင်းတော်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ရှင်ဇလွန်ဘုရားကြီး(မြို့ဟောင်းအရှေ့)ကျောင်းတိုက်၊ မြို့ဟောင်းကျေးရွာ၊ လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တတိလောက၊ စိန်ရောင်ခြည်ကျောင်းတိုက်၊ သပြေချောင်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၅။ ဘဒ္ဒန္တအဂ္ဂေါဘာသ၊ မဟာရတနာသိုက်ချောင်းတပ်ဦးကျောင်းတိုက်၊ သိုက်ချောင်းကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၆။ ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရုံးရပ်ကွက်၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပဏ္ဍိတ၊ ပဏ္ဍိတာရာမရွာမကျောင်းဓမ္မရိပ်သာကျောင်းတိုက်၊ ဝင်းခနိမ်ကျေးရွာ၊ ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာတေဇ၊ သီရိမင်္ဂလာအရှေ့ကံဆွယ်ကျောင်းတိုက်၊ မြင်တင်ရပ်ကွက်၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဇဝန၊ မုန်ကုန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ မုန်ကုန်းကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တကဝိစန္ဒ၊ ကဝိရတနာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ ပြည်တော်သာရပ်ကွက်၊ ကျောက်တော်မြို့၊ ရခိုင်ပြည်နယ်
၁၁။ ဘဒ္ဒန္တဝိလာသ၊ မိုးညှင်းဝိပဿနာတိုက်သစ်ကျောင်းတိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တအရိယဝံသ၊ နောင်ဆိုင်ကျောင်းတိုက်၊ နောင်ဆိုင်ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်
၁၃။ ဘဒ္ဒန္တဝိစက္ခဏ၊ မြစည်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဗထူးရပ်ကွက်၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တသြဘာသ၊ စိတ္တသုခကျောင်းတိုက်၊ ကမ္ဘာ့ကျေးရွာ၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးအောင်တိုး၊ အမှတ်(ဃ-၂၄)၊ အကွက်(၆၃၉)၊ (၃၄ x ၃၅)လမ်းကြား၊ (၇၈ x ၇၉)လမ်းကြား၊ ရွှေချည်ထိုးရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါက်တာခင်မောင်ထွန်း၊ အမှတ်(၁၁၇/J)၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးဇော်ဝင်း၊ အမှတ်(၇၃)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဦးမောင်မောင်၊ အမှတ်(၂)၊ ကြယ်စင်လမ်း၊ ရပ်ကွက်(၂)၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

### အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်သန်းသန်းနွဲ့၊ အမှတ်(၃၀)၊ ပြည်လမ်း၊ ကြက်သွန်ခင်း(၁)ရပ်ကွက်၊ အုတ်တွင်းမြို့၊ ပဲခူးတိုင်းဒေသကြီး
၂။ ဒေါ်မြသိန်း၊ အမှတ်(၂၆၉)၊ (၂၈)လမ်း၊ (၈၂ x ၈၃)လမ်းကြား၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဒေါ်သင်းသင်း၊ အောင်မြင်သူလမ်းသွယ်၊ (၂၂ x ၂၃)လမ်းကြား၊ (၈၆ x ၈၇)လမ်းကြား၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

### သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးရဲထွန်း(ခ)ဦးရဲတင်ထွဋ်၊ အမှတ်(၁၆)၊ အောင်မင်းခေါင်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ ဦးလှအေး(ခ)ဦးအားတီ၊ အမှတ်(၄/၁၀၉)၊ ခတ္တာလမ်း၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်
၃။ ဦးဘေရှင်နယ်(ခ)ဦးခင်မောင်လွင်၊ ကျူဖန်ကျေးရွာ၊ လောက်ကိုင်မြို့နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

### သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်နန်းမြင့်မြင့်ဝင်း၊ ငွေဟင်္သာဘုရားလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
၂။ ဒေါ်ခင်မာချို၊ အမှတ်(၃၉၄/က)၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဒေါ်အေးမြလွင်၊ အမှတ်(၂၉/၃၀)၊ ဗဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဒေါ်သင်းသင်းလှိုင်၊ အမှတ်(၁၅၉/၁၆၀)၊ ကျောက်စိမ်းရတနာ(၂)လမ်း၊ သန်လျင်ရတနာအိမ်ရာ၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

### သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးမောင်မောင်(ခ)ဦးဝေမောင်မောင်၊ အမှတ်(၁/၅)၊ (၆၅)လမ်း၊ (၁၀၂ x ၁၀၃) လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးတင်မြ၊ အမှတ်(၁၉၄/၁၉၅)၊ ဝေဟင်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးအိုက်ဆမ်(ခ)ချောင်ဟိုက်၊ အမှတ်(၂၇၃)၊ ဟိုကတ်ရပ်၊ ရပ်ကွက်(၄)၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်

### သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်မြင့်မြင့်၊ အမှတ်(၁၁/၁၂)၊ ဗိုလ်ချုပ်လမ်း၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၂။ ဒေါ်ဥမ္မာသန်း၊ အမှတ်(၁၁၇/J)၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဒေါ်အိအိမင်း(ခ)ဒေါ်ပန်းအိ၊ အမှတ်(၉၁၅)၊ အောင်သစ္စာလမ်း၊ အမှတ်(၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဒေါ်သီတာဦး၊ အမှတ်(၇၄)၊ သုမင်္ဂလာ(၃)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးမြင့်အောင်၊ အမှတ်(၃၂)၊ A-3 လမ်းနှင့်သာယာဝတီမင်းကြီးလမ်း၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးဝေလွင်ဖြိုး၊ အမှတ်(မ-၃၈/၇)၊ (၅၂)လမ်း၊ (၄၂ x ၄၃)လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဦးစိုးဝဏ္ဏ၊ အမှတ်(၃၂)၊ (၅၄ x ၅၅)လမ်းကြား၊ (၃၉ x ၄၀)လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ကူမားရာ(ခ)ဦးမောင်မောင်ဆန်း၊ အမှတ်(၁၈၂/၁၈၄)၊ ရွှေဘုံသာအလယ်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဦးစံရွှေမြင့်(ခ)ဦးလူအေး၊ အမှတ်(၄၄၃)၊ မြသီတာလမ်း၊ အမှတ်(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဦးကောင်းထက်စိုး၊ အမှတ်(၁၀)၊ ဇီဇဝါလမ်း၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဦးထွန်းရွှေ၊ အမှတ်(ဈ/၄၆)၊ အနောက်မြို့ပတ်လမ်း၊ ဈေးတန်းရပ်ကွက်၊ မိုင်းဖြတ်မြို့၊ ရှမ်းပြည်နယ်

### သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်သွဲ့လေးအောင်၊ No.A(14/15)၊ ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်
၂။ ဒေါ်ဆွေဆွေဝင်း၊ အမှတ်(၁)ကန်တော်လမ်းနှင့်(၅)လမ်းထောင့်၊ အမှတ်(၁၂)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၃။ ဒေါ်ယုယုဝင်း၊ အမှတ်(၂၅/က)၊ (၂၆-ဘီ)လမ်း၊ (၈၈x၈၉)လမ်းကြား၊ ဆိုင်းတန်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်ကြာညို(ခ)ဒေါ်မြကြာညို၊ ကျူတောဝကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်နုနုစိန်၊ အမှတ်(၆၁၉)၊ အေတူး၊ ကြယ်စင်အိမ်ရာ၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဒေါ်သီတာဝင်း၊ အမှတ်(င/၁၁၄)၊ ရုံးဟောင်းလမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဒေါ်မျိုးမြတ်သူ၊ အမှတ်(၁၄၀)၊ W-905, W-907, M-909 Sanchaung Garden Residence၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၃

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၃

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၃
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | Mr.Taro Aso | Former Prime Minister of Japan |

**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးခင်မောင် | နိုင်ငံတော်ကောင်စီဝင် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | Mr.Sun Guoxiang | Special Envoy for Asian Affairs, Ministry of Foreign Affairs, The People's Republic of China | |
| ၂။ | ဦးမထုနော် | ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကောင်းခါးပြည်သူ့စစ်(ဌာနေ)အဖွဲ့ | |
| ၁။ | ဦးအောင်ကြီး | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂။ | ဦးတင့်လွင် | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃။ | ဦးဝင်းလှိုင် | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၄။ | ဦးအောင်သိန်း | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၅။ | ဦးခင်စိုး | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၆။ | ဦးခင်မောင်အေး | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၇။ | ဦးဇော်ထွန်း | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၈။ | ဦးဝင်းမောင် | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၉။ | ဦးအောင်ခင်စိုး | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၀။ | ဦးခင်လတ် | အမြဲတမ်းအတွင်းဝန် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး |
| ၁၁။ | ဦးဇော်သန်းသင်း | အမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး |
| ၁၂။ | ဦးကျော်စိုး | အမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုလွှတ်တော်ရုံး |
| ၁၃။ | ဦးတင်ဝင်းအောင် | အမြဲတမ်းအတွင်းဝန် | ပြည်သူ့လွှတ်တော်ရုံး |
| ၁၄။ | ဗိုလ်မှူးချုပ်အောင်ကျော်ဟိုး | အမြဲတမ်းအတွင်းဝန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဦးမျိုးမြင့်မောင် | အမြဲတမ်းအတွင်းဝန် | ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၆။ | ဦးဝင်းခန့် | အမြဲတမ်းအတွင်းဝန် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဦးမျိုးအောင် | အမြဲတမ်းအတွင်းဝန် | နေပြည်တော်စည်ပင်သာယာရေးကော်မတီ |
| ၁၈။ | ဗိုလ်မှူးဗဟာဒူး (ငြိမ်း) | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်ကြီးတင်အောင် (ငြိမ်း) | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၀။ | ဦးအေးမောင်ကြီး | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်ကြီးအေးမောင်လေး (ငြိမ်း) | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်ကြီးမောင်မောင် (ငြိမ်း) | ဘောလုံး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၃။ | ဒေါ်ဂျနီဖာတင်လေး | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၄။ | ဦးဂျင်မီခရမ်တန် | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၅။ | ဦးဆွမ်ဘွေဂမ် | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၆။ | ဒေါ်သန်းသန်း | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၇။ | ဒေါ်မာမာမင်း | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၈။ | ဒေါ်ခင်ခင်ထွေး | ပြေးခုန်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၉။ | ဗိုလ်ကြီးစန်းမြင့် (ငြိမ်း) | အလေးမ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၀။ | ဦးအောင်ကြီး | အလေးမ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၁။ | ဗိုလ်ကြီးထွန်းမောင် (ငြိမ်း) | အလေးမ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၂။ | ဗိုလ်ကြီးကျော်သက် (ငြိမ်း) | အလေးမ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၃။ | ဗိုလ်ကြီးတင်မောင်နီ (ငြိမ်း) | ရေကူး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၄။ | ဗိုလ်မှူးကျော်ရှိန် (ငြိမ်း) | သေနတ်ပစ် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၅။ | ဦးမြင့်အောင် | ကျွမ်းဘား | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၆။ | ကျားဘငြိမ်း | လက်ဝှေ့ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၇။ | ဦးမြအေး | ဂေါက်သီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၈။ | ဒေါ်ခိုင်ခိုင်မော် | ဝူရှူး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၃၉။ | စိုင်းအောင်လှိုင်မြင့် | စေတနာရှင်၊ မြစ်ကြီးနားမြို့နယ်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၀။ | ဗိုလ်မှူးဒေါ်ခင်အုန်းမြ | တပ်မတော်ဆေးရုံ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်အမ်ယောနမ် | အထက်တန်းသူနာပြု | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါ်သိန်းရီ | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၃။ | စနိုင်နိုင်ထွန်း | သူနာပြုကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၄။ | မီးပုံးပျံဦးကျော်ရင် | ထင်ပေါ်ကျော်ကြားသူ | |

**အလင်္ကာကျော်စွာဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ရွှေဥဒေါင်း | စာရေးဆရာ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂။ | နန္ဒာသိန်းဇံ | စာရေးဆရာ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃။ | ဦးညိုမြ | စာရေးဆရာ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၄။ | ဦးအောင်ကြိုင်(မင်းဘူး) | သမိုင်းပညာရှင် | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲနှင့် ထမနဲထိုးပြိုင်ပွဲများ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းရှေ့၌ ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ပြိုင်ပွဲဝင်များနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာတက်ရောက် ပါဝင်ဆင်နွှဲကြသည်။

အားကစားပြိုင်ပွဲတွင် မီတာ ၅၀၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ခြေပူးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲနှင့် အပ်ထိုးပြိုင်ပွဲ စသည့် ကစားနည်းများဖြင့် ပြိုင်ပွဲဝင်များက အားကစားစိတ်ဓာတ်ပြည့်ဝစွာ အနိုင်မခံ အရှုံးမပေးဘဲ အားကြိုးမာန်တက် အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ အမှတ်ပေးဒိုင်လူကြီးများက အမှတ်ပေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်အကဲဖြတ်အမှတ်ပေးခဲ့ကြပြီး ဝန်ထမ်းမိသားစုများက သောင်းသောင်းဖြဖြ အားပေးကြသည်။

ထို့နောက်ဆုပေးပွဲကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက အားကစားပြိုင်ပွဲ အမျိုးအစားများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများချီးမြှင့်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီး နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၃ နာရီတွင် ထမနဲထိုးပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများက အသင်းလိုက် စည်းလုံးညီညွတ်စွာ အားကြိုးမာန်တက် ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# စိန်ရတုတိုင်ခဲ့ပြီဖြစ်သောလွတ်လပ်ရေးအတွက် တော်လှန်ရေးတပ်သားကောင်းတစ်ယောက်၏ နှစ်(၈၀) ကြာ စာလေးတစ်စောင်

ဖေဖေနှင့် မေမေသမိုင်းကြောင်းကို ရေးဖို့ချိန်လာသည်မှာ နှစ်တွေချီ၍ ကျွန်မ ယခု (၇၅) နှစ်ပြည့်ပါတော့မည်။ စုထားလိုက်တဲ့ရာဇဝင် စာအုပ်ပေါင်း သမိုင်းစာအုပ်ပေါင်း၊ သတင်းစာမဂ္ဂဇင်း၊ စာတိုပေစအဟောင်းအနွမ်း၊ ခြကိုက်တစ်ခြမ်းပါ မကျန်များလွန်းတော့ အိမ်က ထမင်းစားခန်းကျယ်ကြီးထဲမှာ တွေ့သောသူများ ကူရှင်းပေးချင်လောက်အောင် ရှုပ်ပွနေပါသည်။

ဒီကြားထဲမှာ ဓာတ်ပုံတွေကလည်း အဘိုးအဘွား၊ သားသမီး၊ မြေးမြစ်တီတွတ်ထိ ရောက်နေပြီမို့ အခန်းငယ်တစ်ခန်းစာလောက် ရှိနေပါပြီ။ ထပ်ခါထပ်ခါ အချီချီ ရှင်းလင်းမကရှင်းလွန်း၍ ဒါက ဖေဖေ မေမေနှင့်ပတ်သက်တာ၊ ဒါက မမနဲ့ မောင်၊ ဒါက ကိုကိုကြီး၊ ကိုကို၊ မောင်လေးနဲ့ ယခုအချိန်မှာတော့ သားသမီးမြေးတို့၏ ပုံဆွဲစက္ကူပါမကျန် သိမ်းတတ်သူမို့ သူ့မျိုးတူရာစုရင်း ဖြည်းဖြည်းချင်း ခွဲနေရ၏။ ယခုချက်ချင်းလိုလျှင်လိုသလို အချိန်မရွေး ဆွဲထုတ်နိုင်၍ မည်သူမျှမချီးကျူးလည်း ကိုယ့်ကိုယ်ကိုယ်ပင်ပန်းသမျှ ကျေနပ်နေမိတာတော့ အမှန်ပါပဲ။

**နှစ်ပေါင်း (၈၀) ကြာခဲ့ပြီ**

ဒီလိုနဲ့ နိစ္စဓူဝရှင်းလင်းနေရင်း သိမ်းဆည်းထားသည့် သတင်းစာလေး ၁၀ – ၇ – ၁၉၄၃ ရက်စွဲဖြင့် ဗမာ့ခေတ်သတင်းစာလေး၊ နှစ်ပေါင်း (၈၀) ကြာခဲ့ပြီဖြစ်သည့် သတင်းစာဖြတ်ပိုင်းလေးပါလား။ ရေးထားပုံကလည်း စိတ်ဝင်စားစရာ အမည်မဖော်ပြသော "စစ်မြေပြင်မှ ရေးသားပေးပို့လိုက်သောစာ" တဲ့။ ဒီစာလေးအတိုင်း ကျွန်မပြန်ရေးပြလိုက်ပါမည်။ ဒီစာက လွတ်လပ်ရေးအတွက် စစ်မြေပြင်ရောက်နေတဲ့တော်လှန်ရေး တပ်သားကောင်းတစ်ယောက်က အလွန်ချစ်သော သူငယ်ချင်းဇနီးမောင်နှံထံသို့ ရေးထားခြင်း၊ စစ်မြေပြင်ကနေ ရေးတယ်ဆိုတော့ ပင်ပန်းလိုက်တာ၊ အနေဆင်းရဲ၊ အစားဆင်းရဲမို့ သားစဉ်မြေးဆက်တောင် စစ်တပ်ထဲ မဝင်စေချင်သည့် ဆန္ဒတွေများရေးထားမလားလို့ ............

စစ်သားဆိုပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမမေ့တာကိုလည်း သိလိုက်ရသည်။ တောထဲမှာရှိအတူ၊ မရှိအတူ ရတာလေးကို ခွဲဝေစားသောက်ပုံက ရှိတာလေးနဲ့ တင်းတိမ်နေပြီး အလုပ်တာဝန်တွေကိုလည်း တပ်ခွဲမှူးဗိုလ်ကလေး၊ ရဲဘော်ရယ်လို့ ခွဲခြားမှုမရှိဘဲ စည်းလုံးညီညွတ်ခြင်းကို မြင်တွေ့နေရသည်။

"စစ်သားဘဝဆိုတာ အမွန်မြတ်ဆုံး၊ အရသာအရှိဆုံး၊ အလွတ်လပ်ဆုံးမို့ ငါ့ဘဝသည် အဟောဝတ ကောင်းလေစွဟု စစ်တပ်စခန်းတွင် ဥဒါန်းကျူးမိပါတော့သည်" ဟုဆိုခြင်းမှာ မိမိပစ္စုပ္ပန်အခြေအနေကို မိမိကျေနပ်နေသည်ဟု ခံစားမိပါသည်။ အရမ်းသဘောကျမိသည်။

သားတစ်ကွဲ မယားတစ်ကွဲ၊ အစားဆင်းရဲ အနေဆင်းရဲဖြင့် ချွေးနှင့် သွေးကိုရင်းနှီးပြီး ကြိုးပမ်းလိုက်ရသည့်အတွက် မကြာမတင်ဆိုသလို လွတ်လပ်ရေးရတော့မည့် အခြေအနေကိုမြင်တော့... ဆိုခြင်းမှာ ဘဝနှင့်ရင်းပြီး၊ အသက်နှင့်ရင်း၍ အနစ်နာခံခဲ့ပြီး လွတ်လပ်ရတော့မည်ကို ယုံကြည်နေခြင်းဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ် ၈၀ ကျော်လောက်ကတည်းက လွတ်လပ်ရေးရအောင် ကြိုးစားခဲ့ကြသူများတွင် ကျဆုံးခဲ့ကြသူများ များစွာရှိပါသည်။ ကျွန်မတို့ မိသားစုငယ်စဉ်က အမှတ် (၁၁၈) ဦးဝိစာရလမ်း ဒဂုံမြို့နယ်အိမ်မှာ နေခဲ့ကြပါသည်။ တော်လှန်ရေး (တပ်မတော်နေ့) ရောက်လျှင် မိုင်ဒါကွင်းမှ တော်လှန်ရေးပန်းခြံသို့ တပ်မတော်သားများသည် မီးဒုတ်များကိုင်၍ ဦးဝိစာရလမ်းတစ်လျှောက် ညဘက်တွင် စစ်သီချင်းများသီဆိုကာ ချီတက်ကြရာ မောင်နှမတစ်တွေ ပြေး၍ကြည့်ရသည်ကို ပျော်ခဲ့မိပါသည်။ ချီတက်သွားပြီးချိန်တွင် မောင်နှမတစ်တွေ၊ ဖေဖေနှင့် မေမေရှိရာ အိမ်ပေါ်ထပ်သို့ ပြေးတက်၍ ကြည့်ကောင်းကြောင်း ပြောပြကြရာ ဖေဖေက စကားပြန်မပြောပါ။ ဖေဖေသည် တော်လှန်ရေးတွင် ကျဆုံးခဲ့သော သူ၏ရဲဘော်များကို သတိရစိတ်မကောင်းနေသောကြောင့်ဟု မေမေပြောပြ၍ ကျဆုံးခဲ့သောသူများကို ဖေဖေနှင့်အတူ ဝိုင်း၍ သနားခဲ့မိကြပါသည်။

> **ဤကဲ့သို့ ဘဝနှင့် အသက်ကိုရင်းပြီး စွန့်လွှတ်စွန့်စား၍ ရယူခဲ့သောလွတ်လပ်ရေးမှာ စိန်ရတုတိုင်ခဲ့ပြီကို ဆက်လက်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းကြရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ကျန်းမာသန်စွမ်းသော၊ အကျင့်စာရိတ္တကောင်းမွန်သော အသိ၊ အတတ်၊ ပညာရည်မြင့်မားသော လူငယ်လူရွယ်များဖြစ်လာစေရန် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူငယ်ရေးရာကဏ္ဍတို့သည် အထွေထွေဘက်ပေါင်းစုံမှ ထူးချွန်အောင်ပြုစုပျိုးထောင်ရာတွင် အလွန်အရေးပါ**

အသက်ကြီးလာတော့ သတိထားမိသည်မှာ ဖေဖေအလုပ်က အနားယူပြီးနောက်ပိုင်းတွင် တော်လှန်ရေးရဲဘော်ကြီးများသည် တပ်မတော်နေ့ အခမ်းအနားပြီးလျှင် နှစ်စဉ် ဖေဖေ့ထံ လာကြပါသည်။ ဖေဖေဆုံးသွားပြီးသော်လည်း တော်လှန်ရေးတစ်လျှောက်တွင် မောင်တစ်ထမ်း မယ်တစ်ရွက် ဖေဖေနှင့်အတူ လွတ်လပ်ရေးရဖို့အတွက် အတူကြိုးပမ်းခဲ့သော (ဖေဖေတပည့်များက ဖေဖေ့ကို ဆရာဟုခေါ်ကြပါသည်။) ဆရာ့ဇနီး မေမေထံသို့ နှစ်စဉ်မပြတ် ဆက်၍လာတွေ့ကြရာ သားသမီးများအထိ တပ်မိသားစုများ ချစ်ခင်ခဲ့ကြပြီး ဖေဖေနှင့် မေမေမရှိတော့သော ယခုအချိန် အသက် (၇၅)နှစ်ရှိပြီဖြစ်သော ကျွန်မတို့တပ်မိသားစုများ ချစ်ခင်ဆဲ၊ စည်းလုံးဆဲဖြစ်ပါသည်။

ဂျပန်ကိုတော်လှန်ရန် ဖေဖေရွာလေးမှာ စခန်းချနေစဉ် ရောက်ရှိလာသောဆက်သားကို ထမင်းကျွေးရန် မေမေကိုယ်တိုင် ကြက်ကိုလည်လိမ်၍ ချက်ကျွေးခဲ့ရကြောင်း မေမေပြောပြလျှင် ကျွန်မတို့ မောင်နှမတစ်တွေ မရိုးနိုင်အောင် နားထောင်ခဲ့ကြရပါသည်။

**ကလောင်တိုက်ပွဲ**

ဖေဖေက စစ်သားမို့ တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးစားနေရသည့်အကြောင်း စာလေးရေးခဲ့သလို မေမေကလည်း စာရေးဆရာမပီပီ ဖေဖေနှင့် တပ်မတော်သားများအတွက် လွတ်လပ်ရေးရဖို့အတွက် တစ်ဖက်တစ်လမ်းမှ နှိုးဆော်စာ၊ တိုက်တွန်းစာများဖြင့် ကလောင်တိုက်ပွဲဝင်ခဲ့ပါသည်။

ဖေဖေက သားသမီးများကို တိုင်းပြည်အတွက်ဆို ဘယ်နေရာမှပင်ဖြစ်ပါစေ ကျရာတာဝန်ထမ်းဆောင်ဖို့မှာခဲ့သလို မေမေကလည်း အသက်ရှင်နေခြင်းသည် စားဖို့နှင့် အသက်ရှူနေဖို့သာ မဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် လိုအပ်သည့်နေရာတွင် အလုပ်လုပ်ဖို့ မှာခဲ့ပါသည်။

**တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များ**

မောင်လေးက ဖေဖေမေမေတို့ဆန္ဒရှိသည့်အတိုင်း၊ အားပေးခဲ့သည့်အတိုင်း တိုင်းပြည်အတွက် အားကစားသမားကောင်း တစ်ယောက်အဖြစ်ဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံအလံကို တိုင်ထိပ်မှာတင်ပြီး နိုင်ငံတကာက အလေးပြုခြင်းခံရအောင် အသည်းညှစ်၍ ပြိုင်ပွဲများဝင်ခဲ့ပါသည်။ ကျွန်မကတော့ မိန်းကလေးမို့ ကျောင်းဆရာမဘဝပဲဖြစ်ခဲ့သော်လည်း မိမိတတ်နိုင်သည့်ဘက်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့၌ တာဝန်ယူလုပ်အားများပေးခဲ့သလို လက်ရှိအခြေအနေတွင်လည်း တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ကြမည့် လူငယ်လေးများကို စိတ်ဓာတ်ရေခွန်အားပါ ပြုစုပျိုးထောင်နေသော ကင်းထောက်အမျိုးသမီးအဖွဲ့တွင် အတတ်နိုင်ဆုံးလုပ်အားပေးနေပါသည်။

ကျွန်မ၏ အိမ်ဦးနတ်ကတော့ တိုင်းပြည်ချစ်သော အင်ဂျင်နီယာစစ်ဗိုလ်ဖြစ်နေပါသည်။ တိုင်းပြည်နှင့်လူမျိုး မပျောက်ကွယ်ရလေအောင် တွန်းလှန်ကာကွယ်ရန် လိုအပ်သည့်ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ခင်ပွန်းသည်အလုပ်ကိုဦးစားပေး၍ ပြောင်းရွှေ့ရာ မြို့နှင့်ဝေးရာ တောစခန်းရှိစက်ရုံများသို့ လိုက်နိုင်ရန် နောက်ပိုင်း မိမိတက်လမ်းကိုစွန့်လွှတ်၍ တက္ကသိုလ်ဆရာမဘဝမှ အလုပ်ထွက်ခဲ့ပြီး မောင်တစ်ထမ်း မယ်တစ်ရွက် တောထဲတောင်ထဲလိုက်ခဲ့၍ ရှေ့တန်း၌ အမျိုးသားများကုန်ထုတ်လုပ်မှုကို စွမ်းအားပြည့်ထုတ်လုပ်နိုင်ရန် နောက်တန်းမိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဘဝများ နောက်ဆံမတင်း အဆင်ပြေစေလာဖို့ မောင်ရှေ့က တည့်တည့်လျှောက်လျှင် မေလည်း တည့်တည့်လိုက်ကာ လျှောက်မယ်ဆိုသကဲ့သို့ပင် အတူကြိုးစားခဲ့ပါသည်။

ကျွန်မခင်ပွန်း၏အလုပ်သည် အသက်နှင့်ရင်းခဲ့ရသည်များရှိပါသည်။ ရှေ့တန်းတွင် ရန်သူနှင့်ရင်ဆိုင်တိုက်ပွဲဝင်ရသကဲ့သို့ ရန်သူများကိုထိရောက်စွာ ကာကွယ်တွန်းလှန်နိုင်သည့် ခေတ်မီကာကွယ်ရေးပစ္စည်းအသစ်အသစ်များကို သုတေသနပြုတီထွင်ကြံဆ စမ်းသပ်ထုတ်လုပ်မှုပြုရာတွင်လည်း မမျှော်မှန်းနိုင်သော မတော်တဆပေါက်ကွဲထိခိုက်မှု unexpected explosive accident များကို ရင်ဆိုင်ကျော်လွှားရသည်များ ရှိခဲ့ပါသည်။ ပေးအပ်သောတာဝန်ကို မဖြစ်ဖြစ်အောင်၊ အောင်မြင်အောင် လုပ်တတ်သော ဝီရိယ၊ ဇွဲ၊ လုံ့လဖြင့် တိုင်းပြည်ကာကွယ်ရေးသုတေသနတီထွင်ကြံဆ အောင်မြင်စွာ ထုတ်လုပ်ပေးနိုင်ခဲ့မှုကြောင့် စက်မှုစီးပွားထူးချွန်ဆုကို ၁၉၉၂ ခုနှစ် ကတည်းက နိုင်ငံတော်က ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

## ခင်မြတ်လေး

**တိုင်းပြည်တိုးတက်ဖို့**

ကျွန်မတို့လက်ထပ်ပြီးခါစက ဖေဖေက သူ့သား သားမက်ကို ကျေနပ်အားထားသော စကားလေးကြောင့် ကျွန်မဂုဏ်ယူခဲ့ရပါသည်၊ "ငါ့သားနှင့် တော်လှန်ရေးတစ်ရပ်တောင် လုပ်လိုက်ချင်တယ်" ဟုပြောပါသည်။ ဖေဖေဆိုလိုသည့် တော်လှန်ရေးက ယခုခေတ်အခါအတွက် တိုင်းပြည်တိုးတက်ဖို့၊ အခက်အခဲအမျိုးမျိုးကို ကျော်လွှားဖို့ဆိုလိုခြင်းဖြစ်ပါသည်။

ဤကဲ့သို့ ဘဝနှင့် အသက်ကိုရင်းပြီး စွန့်လွှတ်စွန့်စား၍ရယူခဲ့သော လွတ်လပ်ရေးမှာ စိန်ရတုတိုင်ခဲ့ပြီကို ဆက်လက်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ကျန်းမာသန်စွမ်းသော၊ အကျင့် စာရိတ္တကောင်းမွန်သော အသိ၊ အတတ်၊ ပညာရည်မြင့်မားသော လူငယ်လူရွယ်များဖြစ်လာစေရန် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူငယ်ရေးရာကဏ္ဍတို့သည် အထွေထွေဘက်ပေါင်းစုံမှ ထူးချွန်အောင် ပြုစုပျိုးထောင်ရာတွင် အလွန်အရေးပါပါသည်။

ကျွန်မတို့မောင်နှမတစ်တွေ အသက် (၇၀) ကျော်ပြီဖြစ်ကြသော်လည်း ကျောင်းတွေလည်း တက်ဆဲ၊ အိမ်တွင်လည်း ကိုယ့်အခန်း ကိုယ်ရှင်း၊ ကိုယ့်အိမ်အလုပ် ကိုယ်လုပ်နှင့် နေကြသလို တိုင်းပြည်အတွက်လည်း ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ တိုင်းပြည်တိုးတက်ဖို့အတွက် တိုင်းသူပြည်သားကောင်းများဖြစ်အောင် ကြိုးစားနေကြဆဲ၊ မျိုးဆက်သစ် သား၊ သမီး၊ မြေးလေးများကိုလည်း ဖေဖေ မေမေတို့နည်းတူ လမ်းပြကောင်းများဖြစ်အောင် စံနမူနာပြနေဆဲဖြစ်ပါကြောင်း။

ဖေဖေနှင့် မေမေ သိရှိကျေနပ်နိုင်ကြပါစေ။

လွတ်လပ်ရေးရရန် ပါဝင်ဆောင်ရွက်ခဲ့ကြသော တပ်မတော်သားများနှင့် လုပ်သားပြည်သူများအားလုံးကို စိန်ရတုလွတ်လပ်ရေးတွင် ဤဆောင်းပါးလေးဖြင့် ဂုဏ်ပြုလိုက်ရပါသည်။

(စာကြွင်း။ ဖော်ပြပါ ဗမာ့ခေတ်သတင်းစာပါ ဆောင်းပါးကို ပြန်လည်ဖော်ပြရာတွင် မူလပါရှိသည့်အတိုင်း ပြန်လည်ရေးသားတင်ပြထားပါသည်။)

**အမည်ဖော်မပြသော**

**စစ်မြေပြင်မှရေးသားပေးပို့လိုက်သောစာ**

**၁၃၀၅ ခု ၊ ကဆုန်လဆုတ်၁၄ရက်၊ဗမာ့ခေတ်သတင်းစာ။**

**မောင်ခင်မောင်လပ်– မခင်မြ။**

ငါတို့တပ် စစ်မြေပြင်ထွက်တယ်ကြားတော့ ငါတယောက်တော့ သေများနေပြီလားနဲ့ မင်းတို့အောက်မေ့နေကြသလားဟော့၊ ငါမသေဘူးရှိတယ်လကွ။ မင်းပေးထားတဲ့ မိုးညှင်းဂုဏ်တော် ပုတီးစိပ်နဲ့ လက်စွပ်ကလေးတန်ခိုးကြောင့်ပေါ့ကွာ။

စာမျက်နှာ ၁၇ သို့

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃၈၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၂၉,၉၂၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၉၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၂၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၉)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

---

❐ စာမျက်နှာ ၁၆ မှ

နောက်ပြီးရွှတ်နေကြ သံဗုဒ္ဓေါ်ဂါထာကို ညအိပ်ရာဝင်ရှီးရှီး – ရှီးရှီးရွှတ်ရင်း ငါ့အကောင်ကြီး ရန်သူ့ဘေးဒဏ်မှ လွတ်ကင်းပါစေ။

တနေ့သုံးခါ တစ်လသုံးဆယ် ခု နှစ်လနဲ့ ၂၉ ရက်ဆိုတော့ ပေါင်း ၁၇၇ နှစ်ခါလောက် နီးနီးဖြန်းမျှကြေးပို့တဲ့ ရေရွှတ်တဲ့ မင်းရဲ့မေတ္တာကြောင့် ရန်သူ့ကျည်ဆံနဲ့ ၉၇ ပါးသော ရောဂါတို့မှကင်းပါ၏ဗျား။ (တပါးပိုလာဒါက ကျွတ်တွယ်တဲ့ရောဂါကွ။) မိုးဦးကျဒို့ကျွတ်တွယ်လွန်းလို့ ခုတော့ နောက်ဖေးသွားချင်ရင် သစ်ပင်ပေါ်တက်ကြိတ်လိုက်ရသကွ။

မိုးဦးကျဆိုလို့ အခုတို့ဆီမှာတော့ မိုးဃ်တွေ သိတ်ရွာပြီး တောင်ခိုးတွေကလဲ မှိုင်းဝေရီမှုံပြီး တနေ့လုံးနေကို မမြင်ရသလောက်ဘဲ၊ မှုံတိမှုံမွှားဝိုးဝါးနေတဲ့အချိန်မှာ မိုးဃ်းကာ အင်္ကျီကိုယ်စီနဲ့ ငါ့တပ်သားတွေဟာ နပိုလီယံနဲ့ပြင်သစ်စစ်သည်တွေ ရုရှကိုချီတက်နေတဲ့ ရုပ်ပုံကလေးနဲ့တူသလိုလို.........

မိုးဃ်းဦးကျဆိုတော့ နွားတွေ ချည်တိုင်လွမ်းချိန်မို့ ငါ့မှာ နွားမှမဟုတ်သေးသော်လဲ သားမယားဆိုဒါ ချစ်စရာကောင်းဒါမျိုးဆိုတဲ့ ဇဟုသုတကြောင့် သတိရမိသကွာ။ ဝမ်းဘဲပမာ – ရွှေဟင်္သာသို့ – မကွာအတူ – ပါတော်မူဆိုတဲ့ မင်းတို့တတွေတော့ သိပ်နိုပ်ပေ့ါကွာ။

တလောကတော့ ဗမာပြည်က ပြန်လာတဲ့ ရဲဘော်တယောက် ယူလာလို့ (Red Cap) နို့ဆီ ၂ ဘူး၊ ထန်းညက်တပိဿာ၊ ကိတ်မုံ့တလုံးကို ကဗျာကရာ ထန်းညက်ရေ မကျ – ဒိန်ရေမကျ – ဝွရေ ဖျော်ပြီး လက်သီးဆုတ်သာသာ ကိတ်မုံ့ကို လူပေါင်း (၇ ၁/၂) ယောက်ခွဲ (ခွဲဆိုဒါ မသဒ္ဒါဘဲနဲ့ ငါ့အထဲက တခြမ်းဖဲ့ပေးရတဲ့သူ)ပြီး သွတ်လိုက် သိပ်လိုက်၊ တဂွတ်ဂွတ်နဲ့ ကြိတ်လိုက်ကြဒါ နှမ်းပတ်ပုပ်ရေတွေ့တဲ့ နွားတွေလိုဘဲ မြိန်လိုက်ကြတဲ့ဖြစ်ခြင်း။

နောက်ပြီးရှိသေးသကွ၊ အစားကောင်းတွေလကွာ၊ဘယ်တော့များစားရပ့ါမလဲနဲ့ မြော်လင့်ခြင်းကင်းနေတဲ့ ငါးခူငါးပိကောင် ၇၅° သားရယ်၊ ရေချိုပုစွန်ဆိတ်ဆုပ် တမတ်နဲ့ ဆယ်ဆင့်ဘိုးရယ်၊ ငံပြာရည်တပုလင်းရယ်၊ သရက်သီးဆားရေစိမ် အလုံး ၅၀ ရယ် (ပြောရင်းဆိုရင်း ထမင်းဆာလာပြန်ပြီ၊ အဲ့ဒါတွေပါယူလာလို့ ငါတို့တတွေ ကခုန်ကြွေးကြော်အော်ဟစ်ပြီး စမြိန်ထုပ်ကလေးတွေ ကြည့်ကြည့်ပြီးဖြစ်လိုက်တဲ့ ပီတိတွေ။

နောက် ငါတပ်ခွဲမှူးသည် စားဖိုဆောင်ဝန်လုပ်၍ငင်း၊ တပ်စုမှူးတယောက်သည် စားဖိုအုပ်လုပ်၍ငင်း၊ အခြားတစ်ယောက်သည် စမဲ့ပွဲ ပြင်ကြပ်လုပ်၍ငင်း၊ အခြားသော ဗိုလ်ကလေးများလဲ ရောယိရောယာ ညာတာဝါတား၍ငင်း၊ ချက်ပြုတ်လုပ်ကိုင်ကြပြီးသည့်နောက်၊ ငါတို့၏ထူးမြတ်သော ဂုဏ်သရေရှိညစာစားပွဲကြီးကို အခမ်းအနားကြီးကျယ်စွာနဲ့ မင်္ဂလာတဲကုပ်ကလေးအတွင်းဝယ်၊ ၁၃၀၅ ခု ကဆုန်လဆုတ် ၉ ရက်နေ့ အကာလ ညမြန်မာစံတော်ချိန် ၆ နာရီတိတိတွင် သုနက္ခတ္တံ – သုမင်္ဂလံဟူသော ထူးသောအချိန်ယူ၍ သုတိသြဘာ–မင်္ဂလာအရှိဆုံးသော တေးသီချင်းအညစ်အပတ်တို့ဖြင့် ငြိမ့်ညောင်းဆူပွက်ကြလျက်၊ ငပိကောင်လိုက်ကြော်– ငန်ပြာရည်ပြုတ်စပ်ချက်သရက်သီးဆားရေစိမ် တို့စရာ ပဒတ်စာ ပုဇွန်ခပ်ဟင်းချိုတို့ဖြင့် မွှန်းအပ် ထုံအပ်–မွှန်မြတ်လှသော ဘောဇဉ် အမြိန်အရသာတို့ကို ဣန္ဒြေ သိက္ခာဂုဏ်နှင့် ကုံလုံပြည့်ဝသည့်အားလျော်စွာ ဒူးပေါ်ပေါင်ပေါ် ဆောင့်ကြောင့်ထိုင်၍ လွေးကြသည်မှာ ကျောင်းခွေးကြီးတွေလို မာန်တဖိဖိနှင့် လုကြ – ခုတ်ကြရင်း ဝါးမျိုလိုက်ကြတာ ဝက်စုတ်ထားတဲ့အတိုင်းပါဘဲကွာ ပြောင်လို့။

ဒီလိုသားတကွဲ–မယားတကွဲ–အစားဆင်းရဲအနေဆင်းရဲနဲ့။ ချွေးနဲ့သွေးကို ရင်းနှီးပြီး ကြိုးပမ်းလိုက်ရတဲ့အတွက် မကြာမတင်ဆိုသလို လွတ်လပ်ရတော့မည့်အခြေတွေမြင်တော့ မင်းတို့တတွေ တို့စစ်သားတွေကို ပုန်းအောင်းလည်းလျှောင်းမြတ်နိုးရိုကျိုးခြင်း အမှုမပြုလိုက်ကြဘူးလားကွ။ တို့စစ်သားတွေက မင်းတို့တတွေ၊ ကိုယ့်မာတုကာမတွေနဲ့ မကွဲမကွာပျော်ရွှင်စွာနေရတာကို မနာလိုမရှိပါဘူး။ တို့ရဲ့ သွေး–ချွေးရေယဉ်တွေနဲ့ ကမ္ဘာပြုမိုဃ်းကြီးရွာသလို ဆေးကြောသုတ်သင်လိုက်တဲ့ ဗမာသစ်ကြီးမှာ ဗမာအိမ်ထောင်ပေါင်းများစွာ သစ်လွင်ပျော်ရွှင်နိုင်ပါစေဆိုတာ ပါရမီရှင်တွေပြီပြီ၊ အဓိဋ္ဌာန်သစ္စာတည်ပြီးသားပါ။ ဒါပေမယ့်....ဗမာသစ်ကြီးတည်ပြီးတဲ့နောက် ကမ္ဘာဦးသူတွေ သုံးဆောင်တဲ့ ရသပသဗျာ။ ပတာလတာနွယ်ချိုး နတ်ကောက်သလေးစတဲ့ ကဗဠီကာရ အဟာရတွေ ဖန်တီးရအောင် အခုစစ်ထဲမဝင်ရသေးဘဲ ကျန်သေးတဲ့ခွန်အားဗလပြည့်ဝသူ၊ သကောင့်သားမှန်သမျှ ထွက်ခဲ့ကြ–လှမ်းခဲ့ကြ–ငါတို့ ဗမာ့ကာကွယ်ရေးတပ်မတော်ကြီးသို့ ဝင်လှည့်ကြပါလို့ ခုငါ စာရေးနေတဲ့ မင်းတို့ ၂ ယောက်က ကျော်ပြီး၊ တတိုင်းပြည်လုံးသို့ ရဲဘော်ညှိလိုက်သကွ။

ဒါထက်ဘိုးခင်မောင်ရေ၊ ငါတော့မှတ်ဆိတ်ကြီးရှေရှေ လူကလဲမဲမဲဝဝ၊ စိုပြေပြီး သိပ်ပျော်နေပကောကွ။ ဝါသနာကလဲပါ – ဗမာပြည်အတွက်ကလဲဖြစ်တော့ သိပ်ပျော် – သိပ်ဟန်ကျပေ့ါ၊ နောက်ပြီးအမဲပစ်–ငှက်ပစ်နဲ့၊ မုဆိုးတပိုင်းဖြစ်ပြီး။ လူသားမစားရုံပဲကွ။ စိတ်ရောကိုယ်ရောကြမ်းပြီး အဆဲကလဲတနေ့လုံးခွန်းချင်း မထပ်အောင်ဆဲနိုင်နေပြီ။ စစ်သားဘဝဆိုတာ အမွန်မြတ်ဆုံးအရသာအရှိဆုံး၊ အလွတ်လပ်ဆုံးမို့ ငါ့ဘဝသည် အဟောဝတကောင်းလေစွဟု စစ်တပ်စခန်းတွင် ဥဒါန်းကျူးမိပါတော့တယ်။

ဘိုးသံချောင်းရော တော်တော်ကြီးလို့ စစ်သားတယောက်ဖြစ်လုနီးရောပေ့ါ၊ ငါ့သားနဲ့ မင်းသားတော့ ပဋ္ဌမတန်းစစ်သားကြီးတွေဖြစ်စေရမကွ။ သတ်ရဲဖြတ်ရဲအောင် သူရဲကောင်းစိတ်လဲ မွေးပေးဟေ့။ ငါ့သားတော့ ငါနဲ့နေရမှ စစ်သွေးတွေသွင်းပေးရမှာဘဲ။

ဟေ့ တို့ဆရာ ဦးကိုကြီးလဲလွမ်းသဟေ့၊ သူဘယ်မှာလဲ ပြောပါကွာ ငါ့စိတ်တွေ အတော်အတန်ပြုပြင်ပေးလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့၊ မခင်မြတော့ အလုပ်များနေမှာပေ့ါ၊ မင်းတို့တတွေ ဘယ်လိုနေထိုင်စားသောက်နေကြတယ်ဆိုဒါ တခါတလေ ဗမာပြည်ဘက်ဆီ မြော်မှန်းပြီးတွေးမိတယ်။ နောက်က နေထိုင်ခဲ့ကြတဲ့ ဘဝဆင်းရဲလေးကိုလဲ လွမ်းမိတယ်။ ကိုသန်းဒေါ်တို့ရော စာရေးသေးသလား ငါတော့ကွာ ဂန္ဓလောကကြီးနဲ့ ဝေးပါပြီ၊ ကိုမြမောင်တို့ မောင်စိန်သွင်တို့လဲ တွေ့ရင်ပြောပါ။

လွတ်လပ်ပျော်ရွှင်ကြပါစေ....၊

သူငယ်ချင်း–ချစ်

---

## တောင်ငူတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**တောင်ငူ ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူတက္ကသိုလ်၏ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများက “မြကျွန်းညိုညို” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး “ပညာဝေစည်ကေတုမတီ” သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မောင်မယ်သစ်လွင် ကြိုဆိုပွဲအားကျင်းပရာ တောင်ငူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်ညွန့်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အခမ်းအနားသို့တက်ရောက်ကြသည့် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ စီမံရေးရာအရာရှိများက တစ်ဦးချင်းအလိုက် မိတ်ဆက်စကားပြောကြားသည်။

ယင်းနောက် သိပ္ပံဘာသာရပ်များအကြောင်း သိကောင်းစရာများကို ရုက္ခဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာစန္ဒာသိန်းက လည်းကောင်း၊ ဝိဇ္ဇာဘာသာရပ်အကြောင်း သိကောင်းစရာများကို မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာချိုချိုလွင်က လည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ မောင်မယ်သစ်လွင် ကြိုဆိုပွဲသို့ ပထမနှစ် ကျောင်းသားကျောင်းသူ ၉၀၀ တက်ရောက်ခဲ့ပြီး တောင်ငူတက္ကသိုလ်၏ သင်တန်းနှစ်အသီးသီး၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)-ရွှေမြို့ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ပိန္နဲတော ဓာတ်အားခွဲရုံတို့အား ဖောက်ခွဲဖျက်ဆီးမှု အခြေအနေများအား သတင်းထုတ်ပြန်ခြင်း

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကိုအခြေခံ၍ မျှတစွာခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများမှ ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၂-၁-၂၀၂၃ ရက်နေ့တွင် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)- ရွှေမြို့ဓာတ်အားလိုင်း၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်အတွင်းရှိ တာဝါတိုင်နှစ်တိုင်ကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် နှစ်တိုင်ပြိုလဲပျက်စီးခဲ့ပါသည်။ အဆိုပါ ဓာတ်အားလိုင်းမှာ ယခုအကြိမ်အပါအဝင် စုစုပေါင်း ရှစ်ကြိမ်နှင့် တာဝါတိုင်ပေါင်း ၁၈ တိုင် ဖျက်ဆီးခံခဲ့ရသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြင်ဆင်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါသည်။



၂၃၀ ကေဗွီ ဘီလူးချောင်း(၂) ရွှေမြို့ဓာတ်အားလိုင်း တာဝါတိုင်ပြိုလဲပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၃။ အလားတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့သို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ပိန္နဲတော ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအား ၁-၁-၂၀၂၃ ရက်နေ့၊ ၁၉:၅၃ နာရီအချိန်ခန့်တွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သဖြင့် ဓာတ်အားခွဲရုံရှိ ပင်မထရန်စဖော်မာနှင့် ဗို့အားတိုင်းထရန်စဖော်မာတို့ ထိခိုက်ပျက်စီးခဲ့ရပါသည်။ အဆိုပါ ဓာတ်အားခွဲရုံ ထိခိုက်ပျက်စီးခဲ့သဖြင့် ဒေသခံပြည်သူများ အမြန်ဆုံး ဓာတ်အားရရှိရေးအတွက် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ရာ ၂-၁-၂၀၂၃ ရက်နေ့ ၁၇:၀၀ နာရီအချိန်၌ ပြင်ဆင်မှုများ ပြီးစီးခဲ့ပြီး ကျောက်ပန်းတောင်းမြို့သို့ ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၄။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့်အကြိမ်ပေါင်း ၂၁၇ ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



၂၃၀ ကေဗွီ ဘီလူးချောင်း(၂) ရွှေမြို့ဓာတ်အားလိုင်း
တာဝါတိုင်ပြိုလဲပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




ကျောက်ပန်းတောင်းမြို့နယ် ၆၆/၁၁ ကေဗွီ ပိန္နဲတောခွဲရုံ ဗုံးပေါက်ကွဲမှုဖြစ်စဉ် ထိခိုက်ပျက်စီးမှုအခြေအနေများ။

## မွန်ပြည်နယ် ဘီးလင်းမြို့တွင် ငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

မွန်ပြည်နယ် ဘီးလင်းမြို့တွင် ငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အိုက်စ် (မက်သ်အဖက်တမင်း)ကီလို ၂၀၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီတွင် မွန်ပြည်နယ် ဘီးလင်းမြို့အဝင် စစ်ဆေးရေးဂိတ်၌ ကျိုက်ထိုဘက်မှ သထုံဘက်သို့ လှထွန်း(ခ)အုန်းမြင့် မောင်းနှင်ပြီး စိုင်းလွင်ဦး လိုက်ပါလာသည့် မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိစိတ်ပြောင်းဆေးဝါး အိုက်စ် ကီလို ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်များအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် Digital ငွေပေးချေမှုများ ပိုမိုသုံးစွဲနိုင်ရေး၊ ငွေသားသုံးစွဲမှုလျှော့ချရေး၊ ငွေကြေးတည်ငြိမ်ရေးတို့ကို ဦးစားပေးဆောင်ရွက်



**နေပြည်တော်  ဇန်နဝါရီ ၃**

အများပြည်သူများအနေဖြင့် ငွေပေးချေရာတွင် ဒစ်ဂျစ်တယ်နည်းလမ်းများကို တွင်ကျယ်စွာအသုံးပြုနိုင်ရေးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဒစ်ဂျစ်တယ်ငွေပေးချေမှုအသုံးပြုမှုများ ပိုမိုအားကောင်းခိုင်မာစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် အရာထမ်းများ၊ မိုဘိုင်းပေးလုပ်ငန်းဆောင်ရွက်နေသော ဘဏ်များဖြစ်ကြသည့် ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ ယူအေဘီဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ရွှေ (ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသော Nature Link Pay Company Ltd (Trusty Ecommerce)၊ Zego Pay Company Ltd (Zego Money)၊ Internet Wallet Myanmar Ltd (OK$) နှင့် Universal Pay Company Ltd (Uni Pay) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ PayPlus Company Ltd၊ Junction Centre နေပြည်တော်၏ တာဝန်ရှိပုဂ္ဂိုလ်များနှင့် Junction Centre ရှိ အရောင်းဆိုင်များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများ ပိုမိုသုံးစွဲနိုင်ရေး၊ ငွေသားသုံးစွဲမှုလျှော့ချရေး၊ ငွေကြေးတည်ငြိမ်ရေးတို့ကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ Large Value Payment နှင့် Retail Payment များအတွက် CBM-NET နှင့် ဘဏ်ဦးဆောင်မှုပေးများ၊ မိုဘိုင်းငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ခွင့်ပြုပေးနေကြောင်း၊ Digital Payment Switching ကို တည်ထောင်နေပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ငွေပေးချေမှုများကို ပိုမိုချောမွေ့ မြန်ဆန်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အခွန်အခကောက်ခံမှု၊ ရေနှင့် မီတာဘေလ် ပေးချေမှုများအပါအဝင် ပေးချေမှုအားလုံးကို ဒစ်ဂျစ်တယ်ငွေပေးချေမှုများ အသုံးပြုနိုင်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Plan ချမှတ်ဆောင်ရွက်ရန်လိုသကဲ့သို့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း၌လည်း ဒစ်ဂျစ်တယ်ငွေပေးချေမှု နည်းလမ်းများ ပိုမိုအသုံးပြုပေးချေရေးအတွက် လက်ရှိဆောင်ရွက်နေသည့် ကတ်များ၊ Mobile App များ၊ QR များဖြင့် ဆောင်ရွက်ရန် ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများကလည်း လက်ရှိနေပြည်တော်နှင့် အခြားမြို့ကြီးများတွင် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြပြီး၊ ဆွေးနွေးချက်များအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် Digital Pay များ ပိုမိုသုံးစွဲနိုင်စေရန် Junction Center နှင့် အခြားနယ်မြေများတွင် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်သွားရန်၊ ဈေးရောင်းပွဲများ၌ ပရိုမိုးရှင်းအစီအစဉ်နှင့် Campaign များ ဆောင်ရွက်သွားရန်နှင့် Digital City အဖြစ် အကောင်အထည်ဖော်ရာ၌ ဝန်ကြီးဌာနများအပါအဝင် ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ Action Plan များ ချမှတ်ပြီး တင်ပြဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်

**နေပြည်တော်  ဇန်နဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက် (အမျိုးသားအောင်ပွဲနေ့)တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ်(၂၁၁/၂၀၂၂)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ စွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူ ပုဂ္ဂိုလ်များကို ယနေ့ မွန်းလွဲ ၂ နာရီတွင် သက်ဆိုင်ရာနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဒေသအသီးသီး၌ အခမ်းအနားများဖြင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအား အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတတ်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်း/ ပြည်သူ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်များ ပေးအပ်ချီးမြှင့်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ နိုင်ငံ့ဝန်ထမ်း/ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်တည်ဆောက်ရာ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ တာဝန်များထမ်းဆောင်ရာ၌ မိမိ၏ အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့်လည်းကောင်း၊ စံတင်ထိုက်သော စွမ်းရည်များဖြင့်လည်းကောင်း၊ ဂုဏ်ယူထိုက်သော စွန့်စားခြင်းများဖြင့်လည်းကောင်း ထူးချွန်စွာဆောင်ရွက်ခဲ့ကြသဖြင့် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တာဝန်များကို ထမ်းဆောင်ရာ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံးအတွက် စံပြဖြစ်ထိုက်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးစွာဖြင့် ဆောင်ရွက်ခဲ့ကြခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးကဲကောင်းမွန်စွာ စွမ်းစွမ်းတမံ ထူးခြားစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။

ထိုသို့ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရာ၌ သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသအသီးသီး၌ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားများဖြင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများကို လက်ရောက်ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားများတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲသီဟတံဆိပ်ရရှိသူ တစ်ဦး၊ ရဲသူရတံဆိပ်ရရှိသူ ၁၉ ဦး၊ ရဲဗလတံဆိပ်ရရှိသူ ၃၂ ဦး၊ ရဲသူရိန်တံဆိပ်ရရှိသူ တစ်ဦး၊ ရဲကျော်သူတံဆိပ် ငါးဦးတို့ကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရဲသူရတံဆိပ်ရရှိသူ တစ်ဦး၊ ရဲဗလတံဆိပ်ရရှိသူ ၄၂ ဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်)ရရှိသူ ၁၈ ဦးတို့ကိုလည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ရရှိသူ တစ်ဦးကိုလည်းကောင်း၊ အကျဉ်းဦးစီးဌာနမှ ရဲဗလတံဆိပ်ရရှိသူ ငါးဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ရရှိသူ တစ်ဦးတို့ကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာနမှ ရဲဗလတံဆိပ်ရရှိသူ တစ်ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်)ရရှိသူ နှစ်ဦးတို့ကိုလည်းကောင်း တိုင်းဒေသကြီး၊ ပြည်နယ်ရှိ ဒေသအသီးသီး၌ ဂုဏ်ထူးဆောင်ဆုတံဆိပ်ရရှိသူ စုစုပေါင်း ၁၂၉ ဦးတို့ကို အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စိန်ရတုလွတ်လပ်ရေးနေ့ ဆန္ဒမွန်

❖ မိုးထက်ယံ မြူးတလွင့်လွင့်
ထူးတင့်စွာ မြန်မာ့အောင်လံ။

❖ ဆောင်းလေပြည် နှင်းမှုန်ကြား
ဝင့်ကြွား အားမာန်။

❖ ဘိုးဘေးတွေ လက်ချင်းတွဲလို့
အသက်ချင်းလဲ တွန်းတော်လှန်
ပြိုင်စံမဲ့ ဆင်နွှဲ။

❖ “မြန်မာ” လျှင်
ကမ္ဘာတွင် ထာဝစဉ် မြဲရအောင်
လက်တွဲကာ တစ်စိတ်ဝမ်း
ကြိုးပမ်း အောင်ပွဲ။

❖ ကိုယ့်နိုင်ငံ အထွတ်အမြတ်
လွတ်လပ်ရေးနေ့ ချိန်ခါမှန်။

❖ ညီညာဖြဖြ အလေးပြု
ပြည်သူ့ အောင်လံ။

❖ ပြည်ထောင်စုကို အသက်ပေးလို့
ကာကွယ်ရေး အမိဌာန်
နိုင်ငံအနာဂတ် ဖြောင့်မှန်ရေး။

❖ ကမ္ဘာမှာ “မြန်မာဟေ့”ရယ်လို့
မမေ့အောင် မော်ကွန်းသစ်
ဖွင့်လှစ်စို့လေး။

❖ မလိုတမာ ဖိအားအောက်
ဒူးမထောက် ညံ့မခံ။

❖ လတ်တလော အခက်အခဲများ
ကျော်လွှား ရှင်သန်။

❖ ငြိမ်းချမ်းရေး အောင်ပွဲလှစ်
ဖက်ဒရယ်စနစ် အခြေခံ
နိုင်ငံကို ထူထောင်မြှင့်။

❖ အရှိတရားကို
အသိတရားနဲ့ ပေါင်းစပ်
ကောင်းမြတ် ခါသင့်။

❖ ကိုယ့်အာဏာ ကိုယ်ပိုင်စိုး
တန်ခိုးထက်တဲ့ မြန်တိုင်းပြည်။

❖ စီးပွားကိုယ်ပိုင်
ကြီးပွားသမျှ ကိုယ်သာဆိုင်လို့
ကိုယ့်နိုင်ငံ ကိုယ်ပိုင်လမ်း
လျှောက်လှမ်း ဝင့်ချီ။

❖ ကိုယ့်စခန်း ကိုယ်ဆောက်
ကိုယ့်လမ်း ကိုယ်ဖောက်
ကိုယ်လှမ်းမှ ကိုယ်ရောက်မည်
ညီစေကွယ် ရှေ့ခရီး။

❖ တိုင်းရင်း ပြည်သူ
ရိုင်းပင်းကြည်ဖြူ ဘယ်မခွဲ
တွဲလက် စုစည်း။

❖ လွတ်လပ်ရေးနေ့ စိန်ရတု
ချိန်ယခု ရောက်ခဲ့ပြီ။

❖ မြန်မာ့အောင်လံ မယိုင်ယိမ်းရအောင်
ထိန်းသိမ်း ရမည်။

❖ တို့ပြည်သူ တို့အကျိုး
တို့မျှော်ကိုး တို့ဆောက်တည်
ဒီမိုကရေစီ နိုင်ငံအရေး။

❖ ‘မြန်မာ’ မှန်ရင်ဖြင့်
တစ်ယောက်မကျန် ခေါင်းဆုံဝိုင်းပါလို့
မဆိုင်းအတူ ဦးပဲ့ထမ်း
လှမ်းကြမနေး။

**ဇော်မင်းမင်းဦး**

# ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ လက်လုပ်သေနတ်များနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ





ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မြကန်) ကျောင်းဝင်းအတွင်း လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇန်နဝါရီ ၃

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်၊ စာပေသင်ကြားခြင်း မပြုလုပ်နိုင်ရန်နှင့် ၎င်းတို့အား ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ KG မှ Grade-5 အထိ ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်အား ဆရာဆရာမ ၁၀ ဦးတို့က ကြိုးကြပ်ပညာသင်ကြားပေးမှုများ ဆောင်ရွက်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဆရာ ဆရာမများအား နှောင့်ယှက်ခြိမ်းခြောက်မှုများပြုလုပ်၍ မောင်းထုတ်ကာ ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်အဖွဲ့များ နေထိုင်ကြခြင်း၊ အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်ခြင်းများ၊ ကျောင်းဝင်းအတွင်း လက်နက်/ခဲယမ်းများ ထုတ်လုပ်ခြင်း၊ သိုဝှက်သိမ်းဆည်းခြင်းများ လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ယုတ်မာရိုင်းစိုင်းမှုကို ရွံရှာမုန်းတီးလျက်ရှိပြီး ကျောင်းဖွင့်လှစ်ပေးရန် လိုလားသော ကျောင်းသားမိဘများ၊ အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်စွာသတင်းပေးပို့ချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (မြကန်) သို့ သွားရောက်ရှင်းလင်းရှာဖွေခဲ့ရာ ကျောင်းဝင်းအတွင်းမှ လက်လုပ်သေနတ် (အရှည်) ခုနစ်လက်၊ လက်လုပ်ပစ္စတို တစ်လက်၊ လက်လုပ် RPG သုံးလက်၊ ၁၂ ဗို့ကျည် ၁၄၃ တောင့်၊ လက်လုပ်ရှေ့ထွက်မိုင်း ခြောက်လုံး၊ လက်လုပ်လက်ပစ်ဗုံး တစ်လုံး၊ ယမ်းမဲ နှစ်ပိဿာ၊ ဆားကစ်ပြား နှစ်ခု၊ ဆိုင်ကယ်ဘက်ထရီအိုး ၁၃ လုံး၊ ဝိုင်ယာကြိုး ပေ ၃၀၊ နိုင်လွန်ကြိုး ပေ ၃၀၀၊ ကြေးနန်းကြိုး ပေ ၃၀၊ ဆေးထိုးပိုက် ခြောက်ချောင်း၊ ပြောက်ကျားဦးထုပ် ရှစ်လုံး၊ ပြောက်ကျားအင်္ကျီ တစ်ထည်၊ ကျည်ကာအင်္ကျီ သုံးထည်၊ ချိန်းဆော တစ်ခု၊ အင်ဗာတာ နှစ်လုံး၊ လမ်းလျှောက်စကားပြောစက် ရှစ်လုံး၊ အားသွင်းခုံ နှစ်ခု၊ ဖောက်ခွဲဖျက်ဆီးရေးတွင် အသုံးပြုမည့် ဆိုင်ကယ်ဘောစေ့ အလုံး ၅၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်ပါ၍ တာဝန်ရှိသူများက ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကျောင်းမဖွင့်လှစ်နိုင်ရန် ခြိမ်းခြောက်အကျပ်ကိုင်သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့နှင့်ပတ်သက်သော သတင်းများအား လျှို့ဝှက်စွာပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စိန်ရတုလွတ်လပ်ရေးနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အပြစ်မဲ့ပြည်သူများစုဝေးသည့်နေရာများ၌ ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရေးနှင့် လုပ်ကြံသတ်ဖြတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် တပ်ကုန်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီကြိုတင်သတင်းလက်ဦးမှုရယူဖမ်းဆီးရမိ



တရားခံ ကျော်သူမျိုး



တရားခံ လှမိုး(ခ)လှမိုးအောင်



တရားခံ ကျော်ဆန်းအေး (ခ) အရှည်ကြီး





၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ တရားခံ လှမိုး(ခ) လှမိုးအောင်နေအိမ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇန်နဝါရီ ၃

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။ ထို့အပြင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် လွတ်လပ်ရေးနေ့တွင် အပြစ်မဲ့ပြည်သူများအား ထိတ်လန့်ကြောက်ရွံ့စေရန် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အများပြည်သူများ စုဝေးလျက်ရှိသည့် နေရာများတွင် ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းများလုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ တပ်ကုန်း PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့်ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသော **ကျော်မျိုးသူ**အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ကျော်မျိုးသူ**၏ ထွက်ဆိုချက်အရ ယင်းနေ့ နေ့လယ်ပိုင်းတွင် တပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ ဖမ်းဆီးရန်ကျန် တရားခံ **လှမိုး(ခ)လှမိုးအောင်**၏နေအိမ်၌ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ခြောက်တောင့်၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၀ လုံး၊ Keypad ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲရသည့် ခလုတ်သုံးခု၊ Keypad ဖုန်း တစ်လုံး၊ ရီမုတစ်ခုနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး တရားခံပြေး **လှမိုး(ခ)လှမိုးအောင်**အားတပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာနှင့် ရွှေမြို့ကျေးရွာသွား လမ်းပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **လှမိုး(ခ) လှမိုးအောင်**၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုများအား စောင့်ကြည့်၍ သတင်းပေးပို့နေသည့် **ကျော်ဆန်းအေး(ခ)အရှည်ကြီး**အား တပ်ကုန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)ရှေ့ရှိ ဆိုင်ကယ်ကယ်ရီဂိတ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံအမျိုးသားသုံးဦးကိုပစ္စတိုတစ်လက်၊၎င်းကျည်အိမ် တစ်ခု၊ ကျည် ခြောက်တောင့်၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၀ လုံး၊ Keypad ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲရသည့် ခလုတ် သုံးခု၊ Keypad ဖုန်းတစ်လုံး၊ ရီမုတစ်ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ကျော်မျိုးသူ**သည် တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဗညား(ခ)သီဟ**၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဖယ်ခုံမြို့နယ် ဆီးဘူးကျေးရွာအနီး၌ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများအား တပ်ကုန်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် **ဗညား(ခ)သီဟ**သည် ဖယ်ခုံမြို့နယ်ဘက်မှ ၎င်းတို့နှင့် ဆက်စပ်မှုရှိသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များထံမှ ပေးပို့ခဲ့ခြင်းဖြစ်ပြီး ၎င်းပစ္စည်းများဖြင့် လွတ်လပ်ရေးနေ့တွင် အပြစ်မဲ့ပြည်သူများအား ထိတ်လန့်ကြောက်ရွံ့စေရန် တပ်ကုန်းမြို့နယ်အတွင်း၌ အများပြည်သူများ စုဝေးလျက်ရှိသည့်နေရာများတွင် ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများ လုပ်ဆောင်ရန် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အကြမ်းဖက်တိုက်ခိုက်မည့်အစီအစဉ်တွင် **လှမိုး(ခ)လှမိုးအောင်**နှင့် **ကျော်မျိုးသူ**တို့မှ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်း၊ **ကျော်ဆန်းအေး(ခ)အရှည်ကြီး**သည် ဖောက်ခွဲရေးပြုလုပ်မည့်နေရာများနှင့်လုံခြုံရေးအဖွဲ့ဝင်များ၏ လှုပ်ရှားဆောင်ရွက်မှုအခြေအနေများကို စောင့်ကြည့်ခြင်းအား အသီးသီးတာဝန်ခွဲဝေ ပြုလုပ်သွားရန် စီစဉ်ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ကျော်မျိုးသူ**၊ **လှမိုး(ခ) လှမိုးအောင်**နှင့် **ကျော်ဆန်းအေး (ခ)အရှည်ကြီး**တို့ သုံးဦးသည် တပ်ကုန်းPDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ဗညား(ခ) သီဟ**၏ခိုင်းစေမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အတွင်း လွတ်လပ်ရေးနေ့တွင် အခမ်းအနားပြုလုပ်မည့် တပ်ကုန်းမြို့ ဗိုလ်ချုပ်ကြေးရုပ်နှင့် လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်နေရာအား လည်းကောင်း၊ မြဝတီရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းနေရာအား လည်းကောင်း၊ တပ်ကုန်းမြို့မဈေး ပတ်ဝန်းကျင်နေရာအား လည်းကောင်း၊ ဗိုလ်မင်းရောင်ရပ်ကွက်ရှိဘူတာလမ်းနေရာအား လည်းကောင်း၊ တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀) ရှေ့ဝင်ပေါက်နှင့် မြောက်ဘက်ဝင်ပေါက်နေရာများအား လည်းကောင်း၊ ပေါက်ကွဲမှုဖြစ်ပွားပါက လုံခြုံရေးတပ်ဖွဲ့ဝင်များ လာရောက်မည့် နွယ်ရစ်ကျေးရွာအဝင်တံတားထိပ်နေရာအား လည်းကောင်း၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲပြုလုပ်မည့် လူစည်ကားရာနေရာများအား ယုတ်မာရက်စက်သောအကြံဖြင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်လျက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေမှုအား အကြမ်းဖက်မှုကို မလိုလားသော တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကွက်ပြည့်နှင်းရှာဖွေ စစ်ဆေးဖော်ထုတ်မှုတို့ကြောင့် အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးရေး မဆောင်ရွက်နိုင်မီ အချိန်မီကြိုတင်သတင်းလက်ဦးမှု ရယူကာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ခဲကြီးကျေးရွာအနီးရှိ နာရေးအိမ်၌ လိုအပ်သည့်အုပ်ချုပ်မှုကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ သုံးဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ခဲကြီးကျေးရွာအနီးရှိ နာရေးအိမ်၌ လိုအပ်သည့်အုပ်ချုပ်မှုကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့နှင့် ဒေသခံပြည်သူများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

**အပြစ်မဲ့ဒေသခံပြည်သူသုံးဦးသေဆုံးခဲ့**

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ကျောက်ကြီးမြို့မှ ကျောက်ခဲကြီးကျေးရွာသွား ကားလမ်းအနီး လူကြီးရောဂါဖြင့် ကွယ်လွန်သည့် နာရေးအိမ်သို့သွားရောက်၍ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာလာစဉ် KNU တပ်မဟာ(၃)အဖွဲ့နှင့် အကြမ်းဖက်သမားများက ၎င်းနေအိမ်၏ အနောက်တောင်ဘက်ရှိ နေအိမ်များအတွင်း အကာအကွယ်ယူ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါ နာရေးအိမ်တွင် ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေသည့် အပြစ်မဲ့ဒေသခံပြည်သူသုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကိုဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရွာမရပ်ကွက်နေသူများဖြစ်သည့် ဖိုးခွား(ခ) ဖိုးသား၊ စိုင်းရဲဝင်းနိုင်(ခ) ဇွဲမာန်၊ ဇော်သန်းထွဋ်နှင့် ဈေးပိုင်းရပ်ကွက်နေ ရဲမာန်အောင်(ခ) ကျောက်ရိုင်းတို့လေးဦးသည် ၎င်းတို့အသုံးပြုသည့် “Phoe Thar” Facebook အကောင့်၊ “Zwe Man” Facebook အကောင့်၊ “Zaw Than Htut” Facebook အကောင့်နှင့် “Ye Man Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၃၉၅ | ၂၇၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၅ | ၂၂၉၀ | ၂၃၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၄၅ | ၂၄၆၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၅ | ၂၃၇၀ | ၂၄၀၅ | ၂၄၂၅ | ၂၄၂၅ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၆၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၅ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၅ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၅ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၂ | ၂၀၆၆ |
| 95 Ron | ၂၀၅၉ | ၂၁၃၄ |
| HSD (500 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (50 ppm) | ၂၃၂၉ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၉ | ၂၄၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန် နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### “(၉-၁၂-၂၀၂၂)ရက်စွဲ ကြေးမုံသတင်းစာပါ ဒေါ်သက်နှင်းစံ၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ကေရာဇ်ရပ်ကွက်၊ ရတနာသိမ်လမ်း၊ အမှတ်(၃၆)နေ ဦးအုံးကြည်၏သမီးဖြစ်သူ ဒေါ်ဝင်းရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းရွှေမှာ ဦးသိန်းစံဦး(ခ)ဦးသိန်းဇံဦးနှင့်(၃၀-၁-၂၀၁၀)ရက်နေ့တွင် မင်္ဂလာဆွမ်းကျွေးပြုလုပ်၍ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီးတစ်ဦးတစ်ယောက်မျှ ထွန်းကားခြင်းမရှိကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ဦးသိန်းစံဦး(ခ)ဦးသိန်းဇံဦးမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းရွှေနှင့် လက်မထပ်မီ ဒေါ်သိန်းငွေနှင့် (၃၀-၄-၁၉၇၉)ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး ဒေါ်သိန်းငွေမှာ (၃-၆-၂၀၀၇)ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီး သားသမီးတစ်ဦးမျှ ထွန်းကားခဲ့ခြင်းမရှိကြောင်း လွှဲအပ်ညွှန်ကြားချက်အရပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

ဦးသိန်းစံဦး(ခ)ဦးသိန်းဇံဦးမှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းရွှေနှင့် ပေါင်းသင်းနေထိုင်စဉ်အတွင်း (၉-၆-၂၀၂၁)ခုနှစ်တွင် ကွယ်လွန်သွားခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ ရှင်းလင်းအသိပေး ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းရွှေ၏ ခင်ပွန်းဖြစ်သူ ဦးသိန်းစံဦး(ခ)ဦးသိန်းဇံဦးက ၎င်း၏အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ (၁၀)လမ်း၊ အမှတ် (၃၇၂)အား နိုင်ငံတော် အစိုးရက တရားဝင်ချထားပေးသည့် ဦးသိန်းစံဦး(ခ) ဦးသိန်းဇံဦး အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး ယခုအခါ ဦးသိန်းစံဦး(ခ)ဦးသိန်းဇံဦး၏တရားဝင်ဇနီးဖြစ်သော ဒေါ်ဝင်းရွှေက စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း လွှဲအပ်ညွှန် ကြားချက်နှင့် စာရွက်စာတမ်းများအရ ရှင်းလင်းပြန်လည် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ကေရာဇ်ရပ်ကွက်၊ ဈေးကွက်သစ်၊ ရတနာသိမ်လမ်း၊ အကွက်အမှတ်(၂၀)မြေကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဈေးတိုးချဲ့ရပ်ကွက်၊ အမှတ်(၃၆)၊ အလျား(၆၀')xအနံ(၄၀')ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့အား ဦးသိန်းစံဦး(ခ)ဦးသိန်းဇံဦး ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ တရားဝင်ဇနီးဖြစ်သော ဒေါ်ဝင်းရွှေမှ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းနှင့် လက်ဝယ်ရှိကြောင်း လွှဲအပ်ညွှန်ကြားချက်နှင့် စာရွက်စာတမ်းများအရ ထပ်မံရှင်းလင်း ပြန်လည်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ (၂၄)လမ်း၊ အမှတ်(၇၆၇)၊ အလျား (၆၅')xအနံ(၈၀')ရှိ ဂရန်မြေကွက်အား ဒေါ်ဝင်းရွှေ အမည်ဖြင့် ဝယ်ယူထားပြီး ဒေါ်ဝင်းရွှေ လက်ဝယ် ပိုင်ဆိုင်ထားသည့် အိမ်ခြံမြေဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ဖြေရှင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းရွှေ၏ သဘောတူညီမှုမရှိဘဲ အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်တို့အား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့မပြုလုပ်ပါရန် နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဝင်းရွှေ**
**[၁၂/လကန(နိုင်) ၁၂၇၁၄၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးဝေထွန်း(ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၀၉၄၇/၂၀၁၆)**
**တိုက်အမှတ်(B-5)၊ အခန်း(၄၀၁)၊ ဗိုလ်ဗထူးအိမ်ရာ၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉-၇၈၅၀၄၆၇၅၄**

### ရေချိုတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၅) ရပ်ကွက်၊ အကွက် အမှတ်(၅.G၊ အလယ်ပိုင်း)၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ(၀.၀၆၁) ဧကရှိ မြေအား မအူပင် ခရိုင်၊ မအူပင်မြို့၊ (၅) ရပ်ကွက်၊ တေဇလမ်း၊ အမှတ်(၇၄)နေ ဒေါ်ဥ [၁၄/မအပ(နိုင်) ၁၃၄၄၄၆]နှင့် ဒေါ်စီစီသန်း[၁၄/ မအပ(နိုင်)၀၀၇၃၂၄]တို့မှ မြေငှား ဂရန်သက်တမ်းတိုး အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ မအူပင်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်မှူးရုံး၏(၃၀-၁၁-၂၀၂၂)ရက်စွဲပါ စာချုပ်အမှတ်(၄၀/၂၀၂၂)ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်၊ ကတ္တိမသမီးအဖြစ် မွေးစားခြင်း စာချုပ်၊ မြို့နယ်တရားရုံး ကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက် တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက် အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သက်တမ်းတိုး အမည်ပြောင်းထုတ် ပေးမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေး ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိမြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပ သည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကလေးငယ်များ၏ ကိုယ်အလေးချိန်၊ အရပ်အမြင့်၊ တစ်ကိုယ်ရည် သန့်ရှင်းမှု၊ ကျန်းမာရေးအခြေအနေ၊ ကာကွယ် ဆေး အကြိမ်ပြည့်ထိုးနှံတိုက်ကျွေးမှုနှင့် သက်တမ်းအလိုက် အသိဉာဏ်ဖွံ့ဖြိုးမှုတို့ကို အခြေခံကြည့်ရှုစစ်ဆေးပြီး မွေးကင်းစမှသုံးလ၊ သုံးလကျော်မှခြောက်လ၊ ခြောက်လကျော်မှ တစ်နှစ်၊ တစ်နှစ်ကျော်မှ တစ်နှစ်ခွဲ၊ တစ်နှစ်ခွဲ ကျော်မှ နှစ်နှစ်အထိ ပြိုင်ပွဲများနှင့် သုံးမွှာပူး တစ်တွဲ၊ နှစ်မွှာပူးလေးတွဲ စုစုပေါင်းကလေး ငယ် ၆၈ ဦးနှင့် သားကောင်းမိခင် ၂၀ တို့ ပါဝင် ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ မြန်မာ နိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန် ရှိသူများ၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် ဆရာမများ၊ ခရိုင်လေးခရိုင်မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပြိုင်ပွဲဝင် ကလေးငယ်များနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက အထူးဆု၊ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူ များကို ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ကလေးငယ်များ၏ ယှဉ်ပြိုင်မှုများအား အကဲဖြတ်ပေးကြသော ဆရာဝန်ကြီးများကို အသင်းဗဟိုဥက္ကဋ္ဌက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ခဲ့ပြီး မေတ္တာစမ်း မူလတန်းကြိုကျောင်းမှ ကလေးငယ်များက အကပဒေသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြ သည်။

သတင်းစဉ်

### ☆ အောင်လအန်ဆန်မှ

ထည့်သွင်းကျင်းပမည့်တွဲဆိုင်းများကို ဇန်နဝါရီ ၃ ရက်က ထုတ်ပြန်ခဲ့ပြီး တွဲဆိုင်း ကိုးပွဲ ထည့်သွင်းကျင်းပမည်ဖြစ် သည်။ အောင်လအန်ဆန်သည် ယခင်က တရုတ်နိုင်ငံသား ဖန်ယုံနှင့် ထိုးသတ်ရမည်ဖြစ်သော်လည်း ပြီးခဲ့သည့်ရက်ပိုင်း ကမှ ပြိုင်ဘက်အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် ထိုးသတ်မည့် ဂယ်လီဘာတိုဂါဗယ်အို သည် အသက် ၄၀ ရှိပြီဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇွန်လက နယ်သာ လန်နိုင်ငံသား ဒီရစ်ဒါနှင့်ထိုးသတ်ပြီးနောက်ပိုင်း သုံးနှစ်ကျော် ကြာမှ ပြန်လည်ထိုးသတ်ခြင်းဖြစ်သည်။ ၎င်းသည် ပြိုင်ပွဲ စုစုပေါင်း ၃၇ ပွဲထိုးသတ်ထားရာ ပွဲ ၃၀ နိုင်ပြီး ခုနစ်ပွဲရှုံးနိမ့် ထားသည်။ အောင်လအန်ဆန်နှင့် ဂယ်လီဘာတိုဂါဗယ်အို ပွဲကို စိန်ခေါ်ပွဲအဖြစ်သာ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ကစ်ဘောင်ဆင် ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ထိုင်းနိုင်ငံသား ဆူပါဘွန်နှင့် အဇာဘိုင်ဂျန်/ဘီလာရုစ်နိုင်ငံသား အယ်လာဇော့ဗ် တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက် မြန်မာစံတော်ချိန် နံနက်ပိုင်းတွင် ကျင်းပသွားမည် ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - ONE Championship

## Naypyitaw State Academy တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

Naypyitaw State Academy တွင် (၇၅)နှစ် မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၏ ဆုချီးမြှင့်




ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

**ဆုများချီးမြှင့်**

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က ပြိုင်ပွဲကျင်းပ ရခြင်းအကြောင်းရင်းများကို ရှင်းလင်းပြောကြား ပြီး စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများ၊ အားကစား ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများက ဆုများ ချီးမြှင့်ကြသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/တွဲဖက်ပါမောက္ခ(ဌာနမှူးများ)၊ ဆရာ ဆရာမများ၊ သင်တန်း/ စီမံမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
# ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# ဒုတိယဦးစီးမှူးအဆင့် ရာထူး (၁၄၈) နေရာအတွက်
# ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများ
# စာရင်းထုတ်ပြန်ကြော်ငြာခြင်း
## ကြော်ငြာစာအမှတ် (၁/၂၀၂၃)
## ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ( ၃ ) ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်တွင်လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တန်း၊ ဒုတိယ ဦးစီးမှူးအဆင့် ရာထူးအနွယ် (၉) မျိုးတွင် အမှုထမ်းဝင်ပေါက် (၁၄၈) နေရာအတွက် ခန့်ထားရန် (၁၂-၁၁-၂၀၂၂) ရက်နေ့တွင် ပြုလုပ်ခဲ့သော ရေးဖြေစာမေးပွဲ၌ အောင်မြင်ခဲ့သူများ၏စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) (၁၆-၁-၂၀၂၃)ရက်၊တနင်္လာနေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် လူတွေ့စစ်ဆေးမည့် ဒု-ဦးစီးမှူး (မြို့ပြ) (၇၇) ဦး၏ ခုံနံပါတ်များ

C-3, C-4, C-5, C-6, C-7, C-8, C-9, C-10, C-11, C-12, C-13, C-14, C-15, C-16, C-17, C-18, C-19, C-20, C-21, C-22, C-23, C-24, C-25, C-26, C-29, C-30, C-32, C-33, C-34, C-35, C-36, C-37, C-40, C-42, C-43, C-44, C-45, C-46, C-47, C-48, C-49, C-50, C-51, C-53, C-54, C-56, C-57, C-58, C-59, C-60, C-61, C-62, C-64, C-65, C-68, C-69, C-70, C-72, C-74, C-75, C-76, C-78, C-79, C-81, C-82, C-83, C-86, C-88, C-89, C-90, C-91, C-92, C-96, C-99, C-100, C-104, C-112.

( ခ ) (၁၇-၁-၂၀၂၃)ရက်၊ အင်္ဂါနေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် လူတွေ့စစ်ဆေးမည့် စာရင်းကိုင်(၂) ( ၁၄ )ဦး၊ ဒု-ဦးစီးမှူး(စက်မှု) ( ၄၅ ) ဦးနှင့် ဒု-ဦးစီးမှူး (ဘူမိ) ( ၈ ) ဦးတို့၏ ခုံနံပါတ်များ

A-1, A-2, A-3, A-5, A-6, A-7, A-8, A-9, A-10, A-11, A-12, A-13, A-14, A-16. M-2, M-3, M-4, M-5, M-6, M-8, M-9, M-10, M-11, M-12, M-13, M-14, M-15, M-16, M-17, M-18, M-19, M-20, M-21, M-22, M-23, M-24, M-26, M-27, M-28, M-29, M-30, M-32, M-33, M-34, M-36, M-37, M-39, M-40, M-41, M-42,M-43, M-44, M-46, M-48, M-49, M-51, M-52, M-53, M-57.

G-1, G-2, G-5, G-8, G-10, G-11, G-15, G-23.

( ဂ ) (၁၈-၁-၂၀၂၃)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် လူတွေ့စစ်ဆေးမည့် ဒု-ဦးစီးမှူး (လျှပ်စစ်) ( ၄၅) ဦး၊ ဒု-ဦးစီးမှူး (ပစ္စည်း) ( ၁၈ ) ဦး၊ ဒု-ဦးစီးမှူး( မိုင်း ) ( ၂ ) ဦး၊ ကွန်ပျူတာလုပ်ဆောင်ရေးမှူး ( ၅ ) ဦးနှင့် စာကြည့်တိုက်လက်ထောက် (၂) ( ၁ ) ဦးတို့၏ ခုံနံပါတ်များ

E-1, E-5, E-7, E-8, E-9, E-10, E-11, E-14, E-15, E-18, E-19, E-23, E-24, E-30, E-33, E-34, E-36, E-39, E-40, E-41, E-42, E-43, E-45, E-46, E-47, E-48, E-49, E-50, E-54, E-59, E-61, E-62, E-66, E-67, E-69, E-70, E-71, E-76, E-78, E-80, E-86, E-87, E-88, E-89, E-94.

P-5, P-6, P-14, P-17, P-23, P-26, P-27, P-31, P-36, P-39, P-40, P-50, P-52, P-54, P-61, P-62, P-69, P-73.

MI-1, MI-3.

Com-1, Com-2, Com-3, Com-4, Com-5.

L-1.

၂။ လူတွေ့ဖြေဆိုမည့်သူများသည် ဖြေဆိုမည့်နေ့ရက်တွင် နံနက် (၀၈:၀၀) နာရီအရောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ (ရုံးချုပ်)၊ နေပြည်တော်သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ အချိန်မီ သတင်းပို့ရမည်ဖြစ်ပြီး ဆက်သွယ်ရန်ဖုန်းနံပါတ်မှာ (၀၆၇-၈၁၀၄၁၇၆ နှင့် ၀၆၇-၈၁၀၄၁၇၉) တို့ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း/မိတ္တူ)
( ခ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ် (မူရင်း/မိတ္တူ)
( ဂ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းသက်သေခံကတ်ပြား (သို့မဟုတ်) သက်ဆိုင်ရာ တာဝန်ခံအရာရှိ ထောက်ခံချက်
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မူရင်း)

၃။ လူတွေ့ဖြေဆိုမည့်သူများသည် အထက်ပါ သတ်မှတ်ရက်များတွင် မပျက်မကွက် လာရောက်သတင်းပို့/ဖြေဆိုကြရန်နှင့် ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေး ကြေငြာအပ်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

ဝိဇ္ဇာယကြာဆရာမိုး
ကလေးအမည်ပေး
09782681219

## အမည်မှန်

ပူတာအိုမြို့၊ အ.ထ.က (ပူတာအို)ကျောင်း Grade-8 မှ မချန်းချန်ရာမ်၏ အမည်မှန်မှာ မချန်းချန်ရမ်[၁/ပတအ (နိုင်) ၀၇၅၇၈၀]ဖြစ်ပါသည်။

ကမ္ဘာ့
အပူချိန်
လျှော့ချဖို့
အိုဇုန်းလွှာ
ကာကွယ်မှုနဲ့
အတူ
ဆက်လက်
ဆောင်ရွက်စို့

သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ အမှတ် (၁၇၆)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အဦ၏ (ပဥ္စမထပ်)၊ (၆-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ဝဲဘက်အခန်း)၊ ဧရိယာ (၅၁၇) စတုရန်းပေရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးကျော်ကျော်လင်း [၁၂/ မဂတ(နိုင်)၀၉၆၃၂၉]၊ ဒေါ်အိဖြူဖြူဖွေး[၁၂/မဂတ(နိုင်) ၀၉၅၉၉၇] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မော်မော်သန်း[၇/ပခတ(နိုင်)၀၂၉၉၆၇] က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မော်မော်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-421157856, 09-798458627**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေအဆင့်မြင့်အိမ်ရာ၊ လယ်ယာရွှေမြေလမ်း၊ အမှတ်(၄၅)၊ (၆)ခန်းတွဲ RC(၆)ထပ်+ Basement အဆောက်အဦ၏ အခန်းအမှတ်(၃၀၃)၊ (ဒုတိယထပ်)၊(၃-လွှာ)၊ Type-C၊ ဧရိယာ (၉၆၇) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဖြိုးတင့်အောင်(ခ)မျိုးမင်းအောင် [၁၂/ လမန (နိုင်)၁၂၂၁၆၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစိုးနောင် [၁၄/ မမက (နိုင်)၁၁၄၃၀၉]၊ ဒေါ်ချိုချိုခိုင် [၁၂/ရကန (နိုင်)၀၆၇၅၉၂] တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးနောင်၊ ဒေါ်ချိုချိုခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-421157856,09-798458627**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၉/က+ခ)၊ (၂)ခန်းတွဲ RC(၈ ½ )ထပ်အဆောက်အဦ၏ (ဆဋ္ဌမထပ်)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်အခန်း)၊ဧရိယာ (၁၀၂၆) စတုရန်းပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော TM Engineering Company Limited ၏ ကိုယ်စား MD ဦးကျော်ဌေး [၅/ကသန(နိုင်)၀၀၅၄၇၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဇော်လင်း [၇/ပခန(နိုင်)၂၀၇၅၁]၊ ဒေါ်ဝင်းဝင်းခိုင်[၁၂/ဥကမ(နိုင်)၁၅၇၂၂၃] တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်လင်း၊ ဒေါ်ဝင်းဝင်းခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-421157856,09-798458627**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၆-လမ်း၊ အမှတ်(၇၂)၊ ဆဋ္ဌမထပ်(၇-လွှာ)၊ ခြေရင်းဘက်တိုက်ခန်းအား ဒေါ်မေသန္တာ[၁၂/ဒလန(ပြု) ၀၀၁၉၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးမြတ်[၆/မအရ(နိုင်)၀၀၀၇၄၈] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၇)**
**အမှတ်-၁၈၊ ဆေးရိုးတန်းလမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၅၃၀၂၉၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၃) (၆)လွှာ၊ ပေ (၅၇x၁၈)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိသည့် ဦးကျော်ဆန်းလွင် [၇/ကဝန(နိုင်)၀၀၀၀၅၄] မှ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေ ဒေါ်လင်းလင်းထက် [၁၂/ကမတ(နိုင်)၀၅၃၅၄၁]မှ ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိပါကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှိုင်ဘွား** | **ဒေါ်တင်မေဦး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၄၉၄)** | **(စဉ်-၅၃၉၄၈)** |

**အမှတ်(၅၅)၊ (တ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၅၆၀၈၄၊ ၀၉-၇၇၀၈၀၀၉၅၆၈**

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးနေရာများအတွက်
## လျှောက်လွှာပိတ်ရက် ထပ်မံတိုးမြှင့်ခြင်း

